**နိဒါန်းစကား**

ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ ကျွန်တော်တို့ ဓမ္မာလောကကျောင်းတိုက်ကြီးကို ခရစ်နှစ် ၂၀၀၀ပြည့်နှစ်မှစတင်၍ ရေနံချောင်းဆရာတော်ကြီး ဦးဇနိတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက - ဓဇ)စတင်တည်ထောင်လာခဲ့ပါသည်။ ဆရာ ဒကာလက်တွဲညီညာစွာ သာသနာအကျိုးဝိုင်းဝန်းသည် ပိုးလာခဲ့ကြလို့ ယခုဆိုလျှင် ဓမ္မာလောကကျောင်းတိုက်ကြီး အစစအရာရာ တိုးတက်အောင်မြင်နေသည်ကို တွေ့ရှိနေရပါသည်။ ညီညွတ်မှုရှိကြသော ရဟန်းရှင်လူပြည်သူအပေါင်း နိဗ္ဗာန်ရောက်ကြောင်းတရားကို စုပေါင်းကျင့်ကြံကြခြင်းသည် ခုရောနောင်ပါ ချမ်းသာကြောင်းဟု ဆိုသည်မဟုတ်ပါလား။ ကျနော်တို့ ဓမ္မာလောကကျောင်းကိုစတင်တည်ထောင်ဖို့အတွက် ကျနော်တို့အားလုံးရဲ့ ချွေးနည်းစာများနဲ့ အားကြိုးမာန်တက် ညီညီညွတ်ညွတ်စုဆောင်း၍ စုပေါင်း၍ လှူဒါန်းခဲ့ကြသောကြောင့် ယခုလို အကြွေးကင်းကင်း အောင်မြင်မြင်ဖြစ်ခဲ့ရပါသည်။ စတင်တည်ထောင်စဉ်တုန်းက အားကြိုးမာန်တက် ညီညီညွတ်ညွတ်လှူဒါန်းထောက်ပံ့ခဲ့ကြသော ကျောင်းဒါကယာ ဒါယိကာမများကို ကျနော်တို့ ယနေ့တိုင် ကျေးဇူးတင်စွာ မှတ်တမ်းတင်ဂုဏ်ပြုနေလျှက်ပါ။ ယနေ့တိုင် မပျက်မကွက်ဆက်လက်လှူဒါန်းနေကြဆဲဖြစ်သော ဒါယကာ ဒါယိကာမများကိုတော အထူးပြောစရာပင်မလိုလောက်အောင် ကျေးဇူးကြီးမားလျှက်ရှိနေပါသည်။ ရေခြားမြေခြား တိုင်းတစ်ပါးမှာ ကျနော်တို့ဘာသာသာသနာအဆောက်အဦးတစ်ခု မားမားမတ်မတ်ရပ်တည်နိုင်ဘို့ဆိုတာ လွယ်လွယ်လေးနဲ့ မဖြစ်နိုင်ပါ။ အထူးသဖြင့် လူနည်းစုတွေနေထိုင်ကြသော ကျနော်တို့ ဖလော်ရီဒါမှာဆို ပို၍ပင်ခက်ခဲလှပါသည်။ ယခုလို အခက်အခဲ အကျပ်အတည်းတွေကြားထဲမှာပဲ ကျနော်တို့ ဗုဒ္ဓဘာသာအဆောက်အဦးတစ်ခုကို ကျနော်တို့ သမိုင်းမှတ်တိုင်စိုက်ထူ တည်ဆောက်ခဲ့ကြပါပြီ။

မလုပ်မပြော လုပ်မှပြော သဘောစင်လှစေ၊ အပြောသာချဲ့ အလုပ်မဲ့ ကဲ့ရဲ့မလွတ်ချေ-ဆိုသည့် ဆုံးမစကားလိုပါပဲ။ မလိုသူတွေက ဘေးကနေ ဘယ်လောက်ပင် ဘေးကထိုင်ဘုပြောနေကြပါစေ ကျနော်တို့သာသနာပြုလုပ်ငန်းစဉ်ကြီးများကို ကျနော်တို့ ညီညီညွတ်ညွတ် စွမ်းစွမ်းတမံ လုပ်ဆောင်ခဲ့ကြ၍ ဓမ္မာလောကကျောင်းတော်ကြီးဟာ ယနေ့တိုင်အောင် တိုးတက်စည်ပင်လျှက်ရှိနေပါသည်။ ပြောကြဆိုကြသူတွေအချို့ကတော့ တကယ့်ကို အပြုသဘောဆောင်သော စေတနာတွေ မေတ္တာတွေ ရှိနေကြမည်ဆိုတာကို ကျနော်တို့လက်ခံပါသည်။ အပြုသဘောဆောင်သောအပြော၊ အပျက်သဘောဆောင်သော အပြောများကို ကျနော်တို့ဆရာအဖြစ်မှတ်ယူကာ ကျေးဇူးတင်လျှက်ရှိနေကြပါသည်။ ဖြစ်ပျက်သမျှ ကောင်းဆိုးနှစ်တန် လောကဓံတရားများကို အံတုလျှက် "ကိုယ်-တည်းတစ်ယောက်၊ကောင်းဘို့ရောက်မူ၊ခုလောက်ကြိုးကုတ်၊အားမထုတ်ဘူး၊ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ရှေးကဘိုးဘ၊လက်ထက်ကလျှင်၊ရသည့်တန်ဘိုး၊ထပ်မညှိုးဖို့၊တိုး၍ရှေ့တက်၊ငါဆောင်ရွက်သည်၊ဆက်လက်တည်တံ့ပါစေသော်". . ဟူသော မဟာဂန္ဓရုံဆရာတော်ကြီး၏မူဝါဒအတိုင်း ကျနော်တို့ ဗုဒ္ဓသာသနာတော်အတွက် ကျနော်တို့ဆက်လက်ကြိုးစားဆောင်ရွက်သွားရပါလိမ့်မည်။

ဓမ္မာလောကဗုဒ္ဓဘာသာအသင်း

# ဖတ်စရာမှတ်စရာ မာတိကာ


| စဉ် | အကြောင်းအရာ | ရေးသားသူ | စာမျက်နှာ |
|---|---|---|---|
| ၁ | ဘုရားဂုဏ်တော်ကိုးပါး ဘုရားရှိခိုး | လယ်တီဆရာတော် | ၁ |
| ၂ | ဓမ္မဒူတခရီး၏ အကျိုးဆက်များ | ဦးဇနိတ (ရနခ) | ၃ |
| ၃ | ခုနှစ်နေ့ဘုရားရှိခိုးလင်္ကာ | လယ်တီဆရာတော် | ၇ |
| ၄ | လက်ရွေးစင် ဓမ္မပဒပါဠိ၊မြန်မာ၊အင်္ဂလိပ် | သာထွန်းပြုန့် | ၈ |
| ၅ | ကံနှင့် ကံ၏အကျိုးကဗျာ | သာမဏေကျော် | ၁၅ |
| ၆ | ငါးအာရုံဆုံးမစာလင်္ကာ | လယ်တီဆရာတော် | ၁၅ |
| ၇ | မေတ္တာဟူသည် | အရှင်ဇဝန | ၁၆ |
| ၈ | စောင့်လေမျိုးနွယ် | အရှင်ဇဝန | ၂၀ |
| ၉ | နိဗ္ဗာန်ကောင်းမှု ရေဒါနအကြောင်း | ဦးဇနိတ(ရနခ) | ၂၃ |
| ၁၀ | ချမ်းသာစေကြောင်း နည်းလမ်းကောင်း | ဦးဇနိတ(ရနခ) | ၃၀ |
| ၁၁ | သတ္တဋ္ဌာန ဘုရားရှိခိုးလင်္ကာ | လယ်တီဆရာတော် | ၃၂ |
| ၁၂ | ရေကြည်ချမ်းမြ မိဘမေတ္တာ | အရှင်ဇဝန | ၃၄ |
| ၁၃ | ဓမ္မရေဂုဏ် | စစ်ကိုင်းစိမ်းစိမ်း | ၃၉ |
| ၁၄ | ဓာတ်ပုံကဏ္ဍ | | |


## အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ခြင်း

ဤစာစောင်ဖြစ်မြောက်ရေးအတွက် အစစအရာရာ ကူညီဆောင်ရွက်ခဲ့ကြသူများ၊ အထူးသဖြင့် စက်ပိုင်းဆိုင်ရာအကူအညီနှင့်၊ စာရွက်စာတမ်းများကိုလှူဒါန်းခဲ့ကြသော ဒေါက်တာကျော်ဦး+ဒေါက်တာ ထွေးထွေးစိန်မိသားစုနှင့် ဒါယကာ+ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ အလှူရှင်စာရင်းများ၊ ကျန်ရှိနေသေးသော အလှူတော်ပွဲအထိမ်းအမှတ်ဓာတ်ပုံများကို နောက်ထုတ်ဝေမည့် စာစောင်များတွင် ဆက်လက်ဖော်ပြသွားပါမည်။

**ဓမ္မလောကဗုဒ္ဓဘာသာအသင်း**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဗုဒ္ဓဘာသာတိုင်း ကျက်မှတ်ထားသင့်သော ဂုဏ်တော်ကိုးပါး ပါဠိအနက်

ဣတိပိသော ဘဂဝါ
(၁) အရဟံ
(၂) သမ္မာသမ္ဗုဒ္ဓေါ
(၃) ဝိဇ္ဇာစရဏသမ္ပန္နော
(၄) သုဂတော
(၅) လောကဝိဒူ
(၆) အနုတ္တရော ပုရိသဒမ္မသာရထိ
(၇) သတ္ထာဒေဝမနုဿာနံ
(၈) ဗုဒ္ဓေါ
(၉) ဘဂဝါ

(၁) **သောဘဂဝါ** - ထိုအကျွန်ုပ်တို့၏ ဆရာမြတ်စွာဘုရားသည်။ **ဣတိပိ** - ဤသို့လျှင် ဖြဟ္မာနတ်လူသုံးဘုံလူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံယူတော်မူထိုက်ကြောင်းဖြစ်သော အတုမရှိသော သီလဂုဏ်တော်၊ သမာဓိဂုဏ်တော်၊ ပညာဂုဏ်တော်၊ ဝိမုတ္တိဂုဏ်တော်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တော်စသော ဂုဏ်တော်ကျေးဇူးတော်အပေါင်းတို့နှင့်ပြည့်စုံတော်မူသောကြောင့်လည်း **အရဟံ** အရဟံ မည်တော်မူပါပေ၏။ (ဝါ) အရဟံဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် ဘဝဂ်ဘုံတိုင်အောင် ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေ၏။

(၂) **သောဘဂဝါ** - ထိုအကျွန်ုပ်တို့၏ ဆရာမြတ်စွာဘုရားသည်။ **ဣတိပိ** - ဤသို့လျှင် သစ္စာဉေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော်မူသောကြောင့်လည်း **သမ္မာသမ္ဗုဒ္ဓေါ** - သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေ၏။

(၃) **သောဘဂဝါ** - ထိုအကျွန်ုပ်တို့၏ ဆရာမြတ်စွာဘုရားသည်။ **ဣတိပိ** - ဤသို့လျှင် စရဏအပြား တစ်ဆယ့်ငါးတည် သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ကောင်းစွာပြည့်စုံတော်မူသောကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္နော - ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူပါပေ၏။

(၄) **သောဘဂဝါ** - ထိုအကျွန်ုပ်တို့၏ ဆရာမြတ်စွာဘုရားသည်။ **ဣတိပိ** - ဤသို့လျှင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ မကပ်ငြိဘဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပူရီ ဘေးမဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော်မူသောကြောင့်လည်း **သုဂတော** - သုဂတမည်တော်မူပါပေ၏။

(၅) **သောဘဂဝါ** - ထိုအကျွန်ုပ်တို့၏ ဆရာမြတ်စွာဘုရားသည်။ **ဣတိပိ** - ဤသို့လျှင် ကာမရူပ အရူပဟု လောကအပြင် ဘုံတစ်ခွင်ကို ကုန်စင်ခပ္ပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူသောကြောင့်လည်း လောကဝိဒူ - လောကဝိဒူမည်တော်မူပါပေ၏။

(၆) **သောဘဂဝါ** - ထိုအကျွန်ုပ်တို့၏ ဆရာမြတ်စွာဘုရားသည်။ **ဣတိပိ** - ဤသို့လျှင် ဇာတိမာန် ပုညမာန် ဂုဏမာန် ဗလမာန် ဣဒ္ဓိမာန် ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကားဟု ကြုံးဝါး ခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ အင်္ဂုလိမာလ အာဠဝက သစ္စကနှင့် ဗကပြဟ္မာ သတ္တဝါတို့ ကို ဒေသနာတော်သံ ဆိပ်အံငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်ကဲဘိသောကြောင့်လည်း **အနုတ္တရော ပုရိသဒမ္မသာရထိ** - အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူပါပေ၏။

(၇) **သောဘဂဝါ** - ထိုအကျွန်ုပ်တို့၏ ဆရာမြတ်စွာဘုရားသည်။ **ဣတိပိ** - ဤသို့လျှင် လူနတ် ပြဟ္မာ သတ္တဝါအများ သောင်းတိုက်သားတို့၏ ဝတ်တွားရှိပြောင်း ညွှတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူသောကြောင့်လည်း **သတ္ထာဒေဝမနုဿာနံ** သတ္ထာဒေဝ-မနုဿာနံမည်တော်မူပါပေ၏။

(၈) **သောဘဂဝါ** - ထိုအကျွန်ုပ်တို့၏ ဆရာမြတ်စွာဘုရားသည်။ **ဣတိပိ** - ဤသို့လျှင် သစ္စာ-လေးရပ် တရားမြတ်ကို လူနတ်အများ သိထင်ရှားအောင် ဟောကြားထုတ်ဖေါ်သိစေတော်မူသော ကြောင့်လည်း **ဗုဒ္ဓေါ** - ဗုဒ္ဓမည်တော်မူပါပေ၏။

(၉) **သောဘဂဝါ** - ထိုအကျွန်ုပ်တို့၏ ဆရာမြတ်စွာဘုရားသည်။ **ဣတိပိ** - ဤသို့လျှင် ဘုန်းတော် အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တ ကြီးမြတ်တော်မူလှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ပူဇော်မှုကြောင့်လည်း **ဘဂဝါ** - ဘဂဝါမည်တော်မူပါပေ၏။

တံ - ထိုအရဟံအစ ဘဂဝါအဆုံး ဘဝဂ်ချုံးမျှ ဘုန်းတော်ကြီးမား ဂုဏ်ကိုးပါးနှင့် ပြည့်စုံ-တော်မူသော မြတ်စွာဘုရားကို၊ အဟံ - ခန္ဓာ အာယတန ဓာတ်စုမျှကို နာမသမုတ် အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိ - သဒ္ဓါမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**မှတ်ချက်** / လယ်တီဆရာတော်ကြီး၏ ဂုဏ်တော်ကိုးပါး ဘုရားရှိခိုးမှုဖြစ်ပါသည်။

## ဓမ္မဒူတစရီး၏ အကျိုးဆက်များ

**ရေနံချောင်းဆရာတော်**

မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးသည် ယနေ့မြန်မာနိုင်ငံတော်တွင် အထွန်းကားဆုံး အတောက်ပဆုံး အပြန့်ပွားဆုံးဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာတပည့် အစဉ်အဆက် ဓမ္မဒူတခရီးထွက်မှုကြောင့်ပင် ဖြစ်ပါသည်။ ထင်ရှားအောင် ပြပါဦးမည်။ ဆရာဆိုတာ မြတ်ဗုဒ္ဓကို ဆိုချင်ပါသည်။ တပည့်ဆိုသည်ကား အရှင်ကောဏ္ဍညအစရှိသော သံဃနာယကထေရ်အဆက် ဆက်တို့ကို ဆိုရပါမည်။

မြတ်ဗုဒ္ဓသည် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ရောက်ခဲ့ပါသည်။ ဝါဆိုလပြည့်နေ့တွင် တရားဦးဓမ္မစကြာကို ဟောတော်မူခဲ့ပါသည်။ မိဂဒါဝန်တော၌ ထိုနှစ်ဝါဆိုပြီး ဝါတွင်းကာလ တရားဟောရာ ရဟန္တာပေါင်း ခြောက်ဆယ်ဖြစ်ထွန်း ပေါ်ပေါက်ခဲ့ပါသည်။ ဝါကျွတ်ချိန်မှာပင် ဗုဒ္ဓက သံဃာတော်များအား ဓမ္မဒူတခရီးထွက်ကြဖို့ "စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ"စသည်ဖြင့် မိန့်တော်မူခဲ့ပါသည်။ ထိုအချိန်မှစ၍ ဆရာဖြစ်သော ဘုရားရှင်နှင့် တပည့်သံဃာတော်ပေါင်း(၆၀)တို့သည် နဲနဲနှင့်ကြဲကြဲဝိုင်းဆိုသလို "လမ်းခရီးတစ်ကြောင်းတည်းမှာ ရဟန်းနှစ်ပါး ပူးတွဲမသွားကြနှင့် တစ်ခရီးလျှင်တစ်ပါး အသီးသီးခွဲသွားကြ၊ တရားဓမ္မဟောကြ၊ သတ္တဝါများအကျိုးရှိအောင် ဆောင်ရွက်ကြ၊ အစ အလယ်အဆုံး သုံးပါးလုံးကောင်းသော သိက္ခာသုံးရပ်အကျင့်မြတ်တရားတို့ကို ဟောပြောကြဟု ဓမ္မဒူတခရီး စတင်ထွက်ရန် မိန့်တော်မူခဲ့ပါသည်။

ထို့နောက်ဗုဒ္ဓသည် ကိုယ်တော်တိုင် တစ်ပါးတည်း ကြွတော်မူသည်။ ရဟန္တာ(၆၀)ပါးတို့လည်း တစ်ပါးလျှင်တစ်ခရီးကျ အသီးသီး ဓမ္မဒူတခရီး ကြွကြလျက် တရားဓမ္မများကို ဟောကြားပြီး သာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားထွန်းကားအောင် ဆောင်ရွက်ခဲ့ကြသည်။ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးတို့မည်သည် ထိုအရိပ်အာဝါသသို့ လာရောက်ခိုလှုံသူတို့အတွက်သာ ဖြစ်ပေါ်လာရပေသည်။ (၄၅)နှစ်လုံးလုံး မနေမနား ဓမ္မဒူတခရီး ကြွချီတော်မူခဲ့ခြင်းသည် ပရိနိဗ္ဗာန်ဝင်စံသည့်နေ့အထိပင်ဖြစ်ပါသည်။

တပည့်သားသံဃာတော်တို့လည်း ဓမ္မဒူတခရီးရှည်ကြွပြီး သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားဖို့ ဆောင်ရွက်ကြရပါသည်။ ဤသို့ အစဉ်အဆက်မနားမနေ သာသနာပြုရခြင်းသည် ဗုဒ္ဓအဆုံးအမ ပရိယတ်တရားများ မပျောက်ပျက်အောင်ထိန်းသိမ်းခြင်းပင်ဖြစ်ပါသည်။ ထိုသို့ ထိန်းသိမ်းနိုင်မှသာ စာပေပရိယတ်များ မကွယ်မပျောက်တည်ရှိမှသာလျှင် သာသနာတော်လည်း တည်တံ့နိုင်ပါမည်။ ကမ္ပည်းမကွယ်ပျောက်လျှင် ရွှေအိုးရတနာမကွယ်ပျောက်သလို စာပေပရိယတ်မကွယ်ပျောက်လျှင် အကျင့်အသိတို့လည်း မကွယ်ပျောက်နိုင်ပါ။ ထိုအကျင့်အသိတို့ မကွယ်ပျောက်အောင် ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် လေးလမြောက်၌ အဇာတသတ်မင်းကိုမှီ၍ ပထမအကြိမ်၊ နှစ်တစ်ရာမြောက်၌ ကာလာသောကမင်းကို အမှီပြုကာ ဒုတိယအကြိမ် စာပေပရိယတ်များမပျောက်အောင် သင်္ဂါယနာတင်ခဲ့ကြသည်။

သာသနာတော်နှစ် ၂၃၅နှစ်တွင် သီရိဓမ္မာသောကမင်းကို အမှီပြု၍ တတိယအကြိမ်သင်္ဂါယနာတင်ခဲ့ကြပါသည်။

ထိုမင်းလက်ထက်၌ ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် အပြန့်ပွားဆုံးအဖြစ်သို့ရောက်ခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ထိုပွဲကြီး၌သံဃာ့ဦးဆောင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်မြတ်ကြီး၏ အမြော်အမြင်ကြီးများမှုဖြင့် ပစ္စန္တရာဇ်အရပ်၌သာသနာတော်တည်မည့်အရေး တွေးမိပြီး ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုရဟန်းတော်တို့ကို ဓမ္မဒူတခရီးဆန့်ဘို့ စေလွှတ်တော်မူခဲ့၍သာဖြစ်ပါသည်။

ပစ္စန္တရာဇ်ကိုးတိုင်းကိုးဌာနမှာ. .

(၁)မဇ္ဈန္တိကမထေရ်ကို ကသ္မီရဂန္ဓာရတိုင်းသို့ စေလွှတ်ခဲ့သည်။

(၂)မဟာဒေဝမထေရ်ကို မဟိံသကတိုင်းသို့ စေလွှတ်ခဲ့သည်။

(၃)ရက္ခိတမထောရ်ကို ဝနဝါသီတိုင်းသို့ စေလွှတ်ခဲ့သည်။

(၄)ယောနကဓမ္မရက္ခိတမထေရ်ကို အပရန္တတိုင်း(သုနာပရန္တ)တိုင်းသို့ စေလွှတ်ခဲ့သည်။

(၅)မဟာဓမ္မရက္ခိတမထေရ်ကို မဟာရဋ္ဌတိုင်းသို့ စေလွှတ်ခဲ့သည်။

(၆)မဟာရက္ခိတမထေရ်ကို ယောနကတိုင်းသို့ စေလွှတ်ခဲ့သည်။

(၇)မဇ္ဈိမမထေရ်ကို ဟိမဝန္တာ(စိန့်တိုင်းငါးရပ်)သို့ စေလွှတ်ခဲ့သည်။

(၈)သောဏ ဥတ္တရမထေရ်တို့ကို သုဝဏ္ဏဘုမ္မိသို့ စေလွှတ်ခဲ့သည်။

(၉)မဟိန္ဒမထေရ်ကို တမ္ဗပဏ္ဏိ(သီဟိုဠ်)သို့ စေလွှတ်ခဲ့ပါသည်။

ထိုသို့စေလွှတ်ရာ၌ ရဟန်းခံမှု ဥပသမ္ပဒကံမြောက်အောင် ပဉ္စဝဂ်သံဃာငါးပါးစီ စေလွှတ်တော်မူခဲ့သည်။ ထိုမထေရ်မြတ်ကြီးတို့သည် အသီးသီးမိမိတို့တာဝန်ကျရာ တိုင်းအသီးသီးသို့ ဓမ္မဒူတခရီးအဖြစ်သာသနာပြုပြီး တရားပြ ရဟန်းခံပေးကြသဖြင့် ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးငါးဝ ကင်းစင်ပသည့် နေလပမာ သာသနာတော်မြတ်ကြီးသည် ဘေးအသွယ်သွယ် ရန်အဝဝ အန္တရယ်မှန်သမျှ ကင်းစင်ပပြီး များစွာပင် ထွန်းလင်းတောက်ပတော်မူခဲ့ပါသည်။

ထိုသာသနာပြုအဖွဲ့တို့တွင် - (၁)ပထမအဖွဲ့သည် ကသ္မီရဂန္ဓာရတိုင်း၌ တိုင်းသူတိုင်းသားတို့အား မပူဇော်မပသကြလျှင် ကြီးစွာပျက်စီးအောင်ဖျက်ဆီးနေသော အရဝါဠနဂါးမင်းကြီး၊ဟိမဝန္တာ ရှိဘီလူး၊ ဂုမ္ဘာဏ်၊ ဂန္ဓဗ္ဗတို့နှင့် လူပရိသတ်တို့အား အာသီဝိသောပမသုတ္တန်တရားဟောသဖြင့် (၈၄၀၀၀)သော နတ်လူနဂါးပရိသတ်တို့ တရားထူးရကြသည်။ အမျိုးသားယောက်ျားတစ်သိန်း ရဟန်းဝတ်ကြပြီး သင်္ကန်းရောင်တစ်ပြောင်ပြောင်ရှိသည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်ပါသည်။၎င်းသည်မှာ သာသနာပြုရဟန်းတော်များ၏ ဓမ္မဒူတခရီး အောင်မြင်မှုရလဒ်ပင်ဖြစ်ပါသည်။

(၂)ဒုတိယအဖွဲ့သည် မဟိံသကတိုင်း၌ တိုင်းသူပြည်သားလူအများတို့အား ဒေဝဒူတသုတ္တန်တရားဟောကြားခြင်းဖြင့် (၄၀၀၀၀)သော ပရိသတ်တို့တရားရပြီး ရဟန်းပြုကြသည်။

(၃)တတိယအဖွဲ့သည် ဝနဝါသီတိုင်းသို့ ဓမ္မဒူတခရီးကြွရောက်ပြီး အနမတဂ္ဂိယသုတ္တန်တရားဟောကြားသဖြင့် (၆၀၀၀၀)သောပရိသတ်တို့ မဂ်ဖိုလ်ရကြပြီး၊ (၇၀၀၀၀)တို့က ရဟန်းပြုကြလေသည်။

(၄)စတုတ္ထအဖွဲ့သည် အပရန္တတိုင်း၌ ပရိသတ်(၇၀၀၀၀)တို့အား အဂ္ဂိက္ခန္ဓောပမသုတ္တန်တရားဟောခြင်းဖြင့် အမျိုးသားတစ်ထောင် အမျိုးသမီးခြောက်ထောင်ကျော် ရဟန်းပြုခဲ့ကြသည်။

ပဉ္စမအဖွဲ့သည် မဟာရဋ္ဌတိုင်းသို့ ဓမ္မဒူတခရီးကြွရောက်လာပြီး မဟာနာရဒကဿပဇာတ်တော်ကြီးကိုဟောကြားသဖြင့် (၈၄၀၀၀)သော လူပရိသတ်တို့ အသီးသီး မဂ်ဖိုလ်ရကြလေသည်။ (၁၃၀၀၀)သော အမျိုးသားတို့ သာသနာ၀န်ထမ်း ရဟန်းပြုခဲ့ကြသည်။

(၆)ဆဋ္ဌမအဖွဲ့သည် ယောနကတိုင်းသို့ကြွရောက်ပြီး ကာဠကာရာမသုတ္တန်တရားဟောကြားသဖြင့် (၁၇၀၀၀၀) သောပရိသတ်တို့ တရားထူးတရားမြတ်များရကြလေသည်။ အမျိုးသားတစ်သောင်းရဟန်းပြုကြသည်။

(၇)သတ္တမအဖွဲ့သည် အဖွဲ့၀င်ငါးပါးဖြင့် ဟိမ၀န္တာအရပ်သို့ကြွပြီး အဖွဲ့ခေါင်းဆောင်မဇ္ဈိမမထေရ်သည် ဓမ္မစကြာတရားဟောကြားသဖြင့် ပရိသတ် ကုဋေရှစ်ဆယ်တို့ တရားထူးများရရှိကြလေသည်။ ကျန်မထေရ်လေးပါးတို့သည်လည်း အသီးသီး ရဟန်းတစ်သိန်းစီ သာသနာ့ဘောင်၀င်ရောက်စေပြီး သာသနာပြုကြလေသည်။

(၈)အဋ္ဌမအဖွဲ့သည် သု၀ဏ္ဏဘူမိအရပ်သို့ ကြွရောက်ပြီး မင်းမျိုးမှ ဖွားတိုင်ဖွားတိုင်းသောသားငယ်များကို သတ်ဖြတ်ညှင်းဆဲ နှိပ်စက်နေသော ဘီလူးများကိုဆုံးမ၍ ဗြဟ္မဇာလသုတ္တန်တရားဟောကြားခြင်းဖြင့် ပရိသတ် (၆၀၀၀၀)တရားထူး တရားမြတ်များရရှိကြပြီး၊ အမျိုးသား (၃၅၀၀)၊ အမျိုးသမီး (၁၅၀၀)တို့ ရဟန်းပြုကြလေသည်။

(၉)နဝမသာသနာပြုအဖွဲ့သည် တမ္ဗပဏ္ဏိအရပ်(သီဟိုဠ်)သို့ ကြွရောက်လေသော် သီဟိုဠ်မင်းဒေဝါနံပီယတိဿနှင့် မိဿကတောင်မှာတွေ့ဆုံကြပြီး တရားဓမ္မဆွေးနွေးလျှက် စူဠဟတ္ထိပဒေါပမသုတ္တန်တရား ဟောကြားခြင်းဖြင့် မင်းနှင့်တကွ ပရိသတ်လေးသောင်း သရဏဂုံသီလ၌တည်စေခဲ့သည်။ ထို့နောက် သမစိတ္တသုတ္တန်တရားကို ဟောကြားပြီး မရေမတွက်နိုင်သော နတ်တို့ တရားထူးရကြ သရဏဂုံတည်ကြလေသည်။

ထို့နောက် နန်းတော်သို့ကြွကာဆွမ်းဘုဉ်းပေးပြီး ပေတ၀တ္ထု၊ ၀ိမာန၀တ္ထု၊သစ္စသံယုတ်တရားများဟောကြားရာ အနုဠာဒေဝီမိဖုရားအမှူးပြုသော မင်းသမီးငါးရာတို့ သောတာပန်အရိယာဖြစ်ကြပါသည်။ ထို့နောက် ဒေ၀ဒူတသုတ္တန်၊ အာသီဝိသောပမသုတ္တန်တို့ကို ဟောကြားရာတွင်လည်း ပရိသတ်တစ်သောင်းစီ သောတာပန်တည်ခဲ့ပါသည်။

ထိုအချိန်မှစ၍ သီဟိုဠ်ကျွန်း၌ မွန်းတည့်ချိန် တောက်ပနေသော နေမင်းအလား သာသနာတော်သည် များစွာအားရလောက်အောင် ထွန်းလင်းတောက်ပခဲ့လေသည်။ ဤသို့လျှင် သာသနာတော်နှစ် (၂၃၅)ခုနှစ်မှစ၍ဘုရားရှင်တိုင်း ပွင့်တော်မူရာ မဇ္ဈိမဒေသ၏အပြင်ဘက် ပစ္စန္တရာဇ်ဖြစ်သော ကိုးတိုင်းကိုးဌာနသို့ သာသနာတော် ပျံ့နှံ့တည်ရှိထွန်းကားခဲ့လေသည်။

ဤသို့ ကိုးတိုင်းကိုးဌာနသို့ သာသနာပြု ဓမ္မဒူတအဖွဲ့များ စေလွှတ်နိုင်ခြင်းသည် ဆရာဖြစ်သော သံဃာဘက်မှ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဦးစီးမှုနှင့် ဒကာဘက်မှ သီရိဓမ္မာသောကမင်းတရားကြီး၏ ကူညီပံ့ပိုးထောက်ပံ့မှုကြောင့် ဖြစ်ပေါ်လာရပါသည်။ သာသနာတော်မြတ်ကြီးယနေ့ကျွန်ုပ်တို့ မျက်မှောက်ခေတ်တိုင်အောင် စည်ပင်ပြန့်ပွားထွန်းကားနေခြင်းသည် သာသနာပြုအဖွဲ့များ၏ ဓမ္မဒူတခရီးထွက်ခြင်း၏ ရလဒ်အကျိုးဆက်များပင်ဖြစ်လေသည်။

သာသနာတော်သက္ကရာဇ် (၄၅၀)ပြည့်နှစ်၌ သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းကို အမှီပြု၍ စတုတ္ထ အကြိမ် ပေထက်အက္ခရာတင်၍လည်းကောင်း၊ သာသနာနှစ် (၁၄၁၅)ခုနှစ်၌ မြန်မာပြည်အထက် ပိုင်း မန္တလေးမြို့တော် ရတနာပုံနေပြည်တော်၌ မင်းတုံးမင်းတရားကြီးကို အမှီပြု၍ ပဉ္စမအကြိမ် ပိဋကတ်တော်များကို ကျောက်ခြပ်ရေ (၇၂၉)ချပ်တို့ဖြင့် ကျောက်ထက်အက္ခရာတင်ခြင်းတစ်ကြိမ်၊ သာသနာ(၂၅၀၀)ပြည့်နှစ်၌ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားဟူသည့်ထေရဝါဒ ငါးနိုင်ငံညီနှိုင်းပြီး စာပေပရိယတ္တိများ မပျောက်ပျက်အောင် နိုင်ငံတော် အစိုးရမင်းတို့ကို အမှီပြု၍ ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်ပြီး ဆောင်ရွက်ခဲ့ကြပါသည်။

ဤသို့ ဆရာစဉ်ဆက် သာသနာပြု ဓမ္မဒူတခရီးကြောင့်ပင် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌သာမက ကမ္ဘာအနှံ့၌ နေအသွင်လအလား ထင်ရှားနေခြင်းသည် ဓမ္မ-အရှင်ကောင်းအရှင်မြတ်တို့ကြောင့် ဖြစ်ပေါ်လာရသော ရလဒ် ဓမ္မဒူတခရီး၏ အကျိုးဆက်များပင် ဖြစ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါသတည်း။

**သူတော်ကောင်းတရား**
**နေရာတိုင်းမှာ ထွန်းလင်းတောက်ပပါစေ**
**ရေနံချောင်းဆရာတော် ဦးဇနိတ**

**သစ္စာသိမသိ အကျိုးအပြစ်**

**သစ္စာမသိ၊ ဖြစ်ဘိသူမှာ၊ ပြုလုပ်သမျှ၊ သင်္ခါရဟာ၊ ကမ္ဘာမြေမဆုံး၊ သဲလုံးပမာ၊ သေလေအုံး၊မဆုံးသံသရာ။**
**ဝိဇ္ဇာဉာဏ်ရ၊ သိကြသစ္စာ၊ လက်သည်းပေါ်ရှိ၊ မြေ၏ပမာ၊ အနည်းငယ်မျှ၊ ခံရဒုက္ခာ၊ ကျန်မြေကြီး၊ပယ်ပြီးဝမ်းမြောက်စွာ။**

**ခင်ပွန်းကြီးဆယ်ပါး ပြစ်မှားသူများအတွက် ဒဏ်ဆယ်ပါး**

သုံးပါးမြတ်စွာ၊ ရတနာနှင့်၊ ဆရာမိဘ၊ သီလမွေ့လျော်၊ မြတ်သူတော်အား၊ ပြစ်မှား-တုံထ၊ မိုးပေါ်လကို၊ စိတ်ကငြူစူ၊ ပစ်သောမြူသည်၊ ပြစ်သူသို့သာ၊ ကျရောက်လာသို့၊ မှန်စွာ အပြီး၊ နောက်ပိုးစီးလျှက်၊ မြေကြီးပြိုရှောင်း၊ မိကျောင်းသစ်ကျား၊ ဖမ်းစားဘီလူး၊ ရေကူး-လှေမှောက်၊ စိတ်နောက်သွေးအံ၊ စက်ပျံမိုးကြိုး၊ အဖြစ်ဆိုးနှင့်၊ လွှမ်းမိုးပြင်းစွာ၊ ဝေဒနာကြီး မား၊ လျှော့ပါးစည်းစိမ်၊ နေအိမ်မီးလောင်၊ ကုန်အောင်ကျွမ်းသက်၊ ကျိုးပျက်အင်္ဂါ၊ နူနာစိတ် ဖောက်၊ ကျရောက်မင်းဒဏ်၊ မမှန်စွပ်စွဲ၊ ပြိုကွဲမျိုးဆွေ၊ ရွှေငွေကျွဲနွား၊ ယွင်းဖောက်ပြားသား၊ ဆယ်ပါးမျက်မှောက်၊ ဒဏ်ကြီးရောက်အံ့..။

**သန္ဓေယူတော်မူသောနေ့**

(၁)သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှု–ကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူ–သည်၊ နတ်လူငြိမ်းဘို့၊ ကိန်းပါကို။ (ကြာသပတေးနေ့)

**ဖွားမြင်တော်မူသောနေ့**

(၂)သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟီလှိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့၊ လမ်းပါကိုး။ (သောကြာနေ့)

**တောထွက်တော်မူသောနေ့**

(၃)ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူသည်၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုကာ၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် နန်းမှာကို။ (တနင်္လာနေ့)

**ဘုရားဖြစ်တော်မူသောနေ့**

(၄)တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ကျော်၍၊ ခါတော်တစ်ဖုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျှက်၊ ရန်မြူခပွင်း၊ အမှိုက်သင်းကို၊ အလျှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့၊ ငြိမ်းပါကို။ (ဗုဒ္ဓဟူးနေ့)

**ဓမ္မစကြာဟောတော်မူသောနေ့**

(၅) ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည်၊ ရွှမ်းတယ်ကို။(စနေနေ့)

**ပရိနိဗ္ဗာန် စံတော်မူသောနေ့**

(၆)တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ သုံးမည်ဘုံသိုက်တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုင်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖေါင်ကတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်ကာ၊ ရာလေးဆက်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊

**တေဇောဓာတ်လောင်တော်မူသောနေ့**

(၇)နိဗ္ဗူစုံပြီး၊ ရှုမအီသာ၊သိင်္ဂီရွှေလျှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုပ်ကြံ၍၊ ဂဠုံနေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဖော်သည်၊ မွေတော်ရှစ်စိတ်၊ ကြွင်းတယ်ကို။ (စနေနေ့)

ထိုခုနှစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျှက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ အထွဋ်ခေါင်ဖြား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း၊ ကြွယ်စေသော်။

---

## ဓမ္မပဒကောက်နှုတ်ချက်များ

၁။မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။

မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။

တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။

(၁)နာမ်ခန္ဓာလေးပါးတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏၊ စိတ်လျှင်အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့်ပြီးကုန်၏၊ ပြစ်မှားလိုသော စိတ်ဖြင့် အကယ်၍ ပြောဆိုသော်လည်းကောင်း ပြုလုပ်သော်လည်းကောင်း ကြံစည်သော်လည်းကောင်း၊ ထို(ပြောဆို ပြုလုပ် ကြံစည်မှု)ကြောင့် လှည်းဘီးသည် ဝန်ဆောင်နွား၏ခြေရာသို့ အစဉ်လိုက်ဘိသကဲ့သို့ ထိုသူကို ဆင်းရဲသည် အစဉ်လိုက်လေ၏။

1. Mental perception is the lead in mind that causes everything th happen. It is founded on our thoughts. Our life is the creation of our mind which is supreme. If one speaks or acts or plans with wicked mind, suffering and pain will follow as the wheel of a cart that follows the hoof of the ox.

၂။မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။

မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။

တတော နံ သုခ မန္ဝေတိ၊ ဆာယာဝ အနပါယိနီ။

(၂)နာမ်ခန္ဓာလေးပါးတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏၊ စိတ်လျှင်အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့်ပြီးကုန်၏၊ သန့်ရှင်းကြည်လင်သောစိတ်ဖြင့် အကယ်၍ ပြောဆိုသော်လည်းကောင်း၊ ပြုလုပ်သော်လည်းကောင်း၊ ကြံစည်သော်လည်းကောင်း ထို (ပြုလုပ် ပြောဆို ကြံစည်မှု)ကြောင့် အရိပ်သည် (လူကို) မစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူကို ချမ်းသာသည် အစဉ်လိုက်လေ၏။

2.   Metal perception is the lead in mind that causes everything to happen.   It is founded on our thoughts. Our life is the creation of our mind  which is supreme. If one speaks or atcs or plans with pure mind, joy and peace will follow that never leaves the body.

(၃)နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တိစ ကုဒါစနံ။
အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။

(၃)ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် ဘယ်အခါမျှ မငြိမ်းနိုင်ကုန်၊  ရန်တုံ့မမူခြင်း ဖြင့်သာ ရန်ပြေငြိမ်းနိုင်ကုန်၏၊ ဤသဘောကား အစဉ်လာ ဓမ္မတာသဘောပင်တည်း။

3.  As a universal truth, hatred will never end by hatred: hatred will cease by loving kindness.

(၄)အသာရေ သာရမတိနော ၊ သာရေ စာသာရဒဿိနော။
တေသာရံ နာဓိဂစ္ဆန္တိ ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ။

(၅)သာရဉ္စ သာရတော ဉ တွာ၊ အသာရဉ္စ အသာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။

(၄)အနှစ်သာရမရှိသောတရား၌  အနှစ်သာရရှိ၏ဟု အယူရှိကြကုန်၏။  အနှစ်သာရရှိသော တရား၌မူကား အနှစ်သာရမရှိဟု အယူရှိကြကုန်၏၊ ထိုသူတို့သည် မှားသောအကြံစည်လျှင် ကျက်စားရာ အာရုံရှိကြကုန်ရကား အနှစ်သာရရှိသောတရားကို မရနိုင်ကြကုန်။

(၅)အနှစ်သာရရှိသောတရားကိုလည်း အနှစ်သာရရှိသောတရားဟူ၍ အနှစ်မရှိသောတရားကို လည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် ကျက်စားရာအာရုံ ရှိကုန်ရကား အနှစ်သာရရှိသောတရားကို ရနိုင်ကြကုန်၏။

4.  Thoes who consider truth in untruth, in see untruth in truth, do not reach the truth, lost in the path of wrong views.

5.  Thoes who concider truth in truth and untruth in untruth arrive at truth and follow true desires as they hold right views.

(၆)ဣဓ သောစတိ ပေစ္စ သောစတိ၊ ပါပကာရီ ဥဘယတ္ထ  သောစတိ။
သော သောစတိ သော ဝိဟညတိ၊ ဒိသွာ ကမ္မကိလိဋ္ဌမတ္တနော။

(၆)မကောင်းမှုပြုသူသည်  ဤဘဝ၌လည်း စိုးရိမ်ရ၏၊  တမလွန်ဘဝ၌လည်း   စိုးရိမ်ရ၏။

ပစ္စုပ္ပန် တမလွန် ဘဝနှစ်တန်တို့၌လည်း စိုးရိမ်ရ၏၊ ထိုမကောင်းမှုပြုသူသည် မိမိ၏ညစ်နွမ်းသောကံကိုသိမြင်၍ စိုးရိမ်ရ၏ ပင်ပန်းရ၏။

6. The evil-doer suffers in this world and he suffers in the next, the man who does evil suffers in both worlds. He suffers and mourns when he sees the wrong he has done.

(၇)ဣဓ မောဒတိ ပေစ္စ မောဒတိ၊ ကတ ပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ၊ ဒိသွာ ကမ္မဝိသုဒ္ဓမတ္တနော။

(၇)ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ တမလွန် ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန် တမလွန် ဘဝနှစ်တန်တို့၌လည်း ဝမ်းမြောက်ရ၏၊ ထိုကောင်းမှုပြုသူသည် မိမိ၏ စင်ကြယ်သောကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ဝမ်းမြောက်ရ၏။

7. The virtuous person is happy in this world and after death, happy in both. Seeing the purity fo his own action, he feels glad when he sees the good he has done.

(၈)အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။
(၉)ဧဝံ ဝိသေသတော ဉ တွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။

(၈)မမေ့လျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း၊ မေ့လျော့ခြင်းသည် သေခြင်း၏အကြောင်းတည်း၊ မမေ့မလျော့သော သူတို့သည် သေသည်မမည်ကုန်၊ မေ့လျော့သော သူတို့သည် သေသည်မည်ကုန်၏။

(၉)မမေ့လျော့သော ပညာရှိတို့သည် ဤသို့ ထူးခြားသော အကြောင်းကိုသိ၍ မမေ့လျော့သော သတိတရား၌ ရွှင်လန်းဝမ်းမြောက်ကုန်လျက် အရိယာတို့၏ ကျက်စားရာ လောကုတ္တရာတရားကိုးပါး၌ မွေ့လျော်ကြကုန်၏။

8. Awareness is the path to the deathless (Nibbana), unawareness, the path of death. Thoes who are aware do not die; those who are unaware are as if dead already.

9. Those who, with a clean mind have seen has truth, those who are wise and ever-living power advance on the path, they in the end reach Nibbana, incomparable release from bonds.

(၁၀)ဥဋ္ဌာနဝတော သတိမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တ ယသောဘိဝဍ္ဎတိ။

(၁၀)ထကြွလုံ့လရှိသူ၊ သတိရှိသူ၊ စင်ကြယ်သောကံသုံးပါးရှိသူ၊ စူးစမ်း၍ ပြုလေ့ရှိသူ၊ ဣန္ဒြေကိုစောင့်စည်းသူ၊ တရားသဖြင့် အသက်မွေးသူ၊ မမေ့လျော့သောသူအား အခြွေအရံ အကျော်အစောသည် တိုးပွား၏။

10. Energetic, alert, ever mindful, pure in deed, careful in action, self living in accordance with truth (right livelihood), that person will arise in glory.

(၁၁)အပ္ပမာဒရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ။
သံယောဇနံ အဏုံ ထူလံ၊ ဒဟံ အဂ္ဂိဝ ဂစ္ဆတိ။

(၁၁)မီးသည် ကြီးငယ်မရှောင် လောင်စာဟူသမျှကို လောင်ကျွမ်းသကဲ့သို့ မမေ့မလျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ ဘေးဟုရှုလေ့ရှိသော ရဟန်းသည် ကြီးငယ်မဟူ သံယောဇဉ်အားလုံးကို လောင်ကျွမ်းစေလျက် (နိဗ္ဗာန်သို့)သွား၏။

11. The monk who delights in awareness and fears negligence goes to Nibbana destroying all fetters like a fire burning all obstacles both great and small.

(၁၂)ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထ ကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါ ဝဟံ။

(၁၃)နှိမ်နင်းရန်ခဲယင်း၍ လျှင်မြန်သော သဘောရှိသော အလိုရှိရာ အာရုံ၌ ကျလေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏၊ (ဆုံးမပြီး၍) ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

12. It is good to tame the mind, which is difficult to restrain. It flies after fancies wherever it likes. A disciplined mind brings happiness.

(၁၃)သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

(၁၃)အလွန့်အလွန်မြင်နိုင်ခဲသော အလွန့်အလွန်သိမ်မွေ့သော အလိုရှိရာ အာရုံ၌ ကျလေ့ရှိသောစိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏၊ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

13. Invisible and subtle in the mind, and it flies after fancies wherever it likes, but let the wise man guard well his mind, for a mind well-guarded is a source of great joy.

(၁၄)န တံ မာတာ ပိတာ ကယိရာ၊ အညေ ဝါပိ စ ဉာတကာ။
သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ။

(၁၄)ထို လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာမျိုးကို အမိအဖသည်မပြုနိုင်၊ တစ်ပါးသော ဆွေမျိုးတို့လည်း မပြုစွမ်းနိုင်ကုန်၊ ထို လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာမျိုးကို ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် ထိုမိဘဆွေမျိုးတို့ထက် တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်အောင် ပြုစွမ်းနိုင်၏။

14. Not mother, neither father, nor any other relatives will do well to a man, but his own right directed mind can do it to him for his well-being.

(၁၅)ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ။
ဒီဃော ဗာလေန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။

(၁၅)အိပ်မပျော် နိုးနေသူအား ညဥ့်တာရှည်လျား၏၊ ခရီးပန်းသောသူအား ယူဇနာခရီးသည် ရှည်လျား၏၊ သူတော်ကောင်းတရားကိုမသိသော လူမိုက်တို့အား သံသရာသည် ရှည်လျှား၏။

15. Long is the night for one awake, long is a league to one tired, and long is Samsara of rebirths and deaths to the foolish who do not not the Dhamma.

(၁၆)ယော ဗာလော မညတိ ဗာလျံ၊ ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတမာနီ၊ သ ဝေ ဗာလောတိ ဝုစ္စတိ။

(၁၆)မိုက်သောသူသည် မိမိမိုက်သည့်အဖြစ်ကိုသိ၏၊ ထိုသိမှုကြောင့် ပညာရှိဖြစ်နိုင်သေး၏၊ မိုက်သောသူသည် ငါပညာရှိဟု မိမိကိုယ်ကိုယ် ထင်မှတ်နေပါမူကား ထိုသူကို စင်စစ် လူမိုက်ဟူ၍ ဆိုအပ်၏။

16. If a fool can see his own folly, he is this at least is wise; but the fool who thinks he is wise, he indeed is the real fool.

(၁၇)မဓုံ ဝါ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ အထ ဒုက္ခံ နိဂစ္ဆတိ။

**(၁၇)**မိုက်သောသူသည် အကြင်မျှလောက် မကောင်းမှုသည် အကျိုးမပေးသေး ထိုမျှလောက် မကောင်းမှုကို ပျားသကာကဲ့သို့ထင်မှတ်၏ ၊ အကြင်အခါ၌ကား မကောင်းမှုသည် အကျိုးပေး၏၊ ထိုအခါ၌ ဆင်းရဲသို့ ရောက်ရ၏။

17. The fool thinks it is sweet like honey, while the evil he has done is not yet mathred. But when the bad he has done is matrued, then the fool suffers misery.

(၁၈)ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ။
ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရမဏေယျကံ။

(၁၈)ရွာ၌ဖြစ်စေ ၊ တော၌ဖြစ်စေ ၊ နိမ့်ရာ၌ဖြစ်စေ၊ ကုန်းမြင့်၌ဖြစ်စေ ရဟန္တာပုဂ္ဂိုလ်တို့သည် နေကုန်၏၊ ထိုပုဂ္ဂိုလ်တို့ နေရာမြေအရပ်သည် မွေ့လျော်ဘွယ်ရှိ၏။

18. In a village or in forest, or in a valley or on the hills, wherever venerable Arahants dwell, that place is delightful.

(၁၉)အတ္တာ ဟဝေ ဇိတံ သေယျော၊ ယာ စာယံ ဣတရာ ပဇာ။
အတ္တဒန္တဿ ပေါသဿ၊ နိစ္စံ သညတစာရိနော။
(၂၀)နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟဗြဟ္မုနာ။
ဇိတံ အပဇိတံ ကယိရာ၊ တထာရူပဿ ဇန္တုနော။

(၁၉)(၂၀)ကိုယ်တွင်းကိလေသာတို့ကို နိုင်ခြင်းဖြင့် မိမိကိုယ်ကိုယ်အောင်နိုင်ခြင်းသည် မြတ်၏။ လောင်းတန်းကစားခြင်း စစ်တိုက်ခြင်းစသည်ဖြင့် သူတစ်ပါးကို အောင်နိုင်ခြင်းသည် မမြတ်၊ မိမိကိုယ်ကိုဆုံးမပြီးသော၊ ကိုယ်'နှုတ်'နှလုံး သုံးပါးလုံးကို အမြဲစောင့်စည်းလေ့ရှိသော၊ ထိုသို့သဘောရှိသော သတ္တဝါတို့၏ အောင်မြင်ခြင်းကို နတ်သည်လည်းကောင်း ၊ ဂန္ဓဗ္ဗနတ်သည်လည်းကောင်း၊ ဗြဟ္မာနှင့်တကွသော မာရ်နတ်သည်လည်းကောင်း ရှုံးအောင်မပြုနိုင်ရာ။

19.20. Better, indeed, oneself conquered over others, and has won himself, who is constantly living in self-control. Neither a Deva nor a Gandhabba, nor Mara together with Brahma, could turn the victory into defeat of a person who controls himself.

(၂၁)အဘိဝါဒနသီလိဿ ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

(၂၁)အမြဲရှိခိုးလေ့ရှိ၍ မိမိထက် အသက်ဂုဏ်ဝါကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသောသူ သူတို့အား အသက်ရှည်ခြင်း ၊ အဆင်းလှခြင်း ၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူး

လေးပါးတို့သည် တိုးပွားကုန်၏။

21. If a person has the habit of reverence and respects to the Aged who have virtue and faith in Dhamma, four benefits will gain to hin; happiness and atrength.

(၂၂)ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။

(၂၂)သီလမရှိ သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ သမထ ဝိပဿနာကို ရှုနေသောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

22. Better than a hundred year lived in vice, without contemplation, is one single day the life lived in virtue and a meditation.

(၂၃)ယော စ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ ဈာယိနော။

(၂၂)ပညာမရှိ သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် တရားပညာရှိ၍ သမထ ဝိပဿနာကို ရှုသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

23. Better than a hundred year lived in ignorance, without contemplation, is one single day of life lived in wisdom and a deep contemplation.

(၂၄)ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

(၂၄)ခန္ဓငါးပါးတို့၏ အဖြစ်အပျက်ကိုမရှုမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည် နေရခြင်းထက် ခန္ဓာငါးပါးတို့၏အဖြစ်အပျက်ကို မပြတ်ရှုမြင်သောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည်မြတ်၏။

24. It is better to live one day seeing "the arising and dissolving (of mind and body)" than to live a hundred year not seeing the arising and dissolving.

တရားစကား နေ့တိုင်းကြားက စိတ်ထားဖွေးလက် သိဉာဏ်ထက်၏။
လူအချင်းချင်း ရင်တွင်းတရား စိတ်ထားမြင့်မြတ် ချစ်တတ်ကြပါစေ။

## ကံနှင့် ကံ၏အကျိုးများ

- သူ့ကိုသတ်ဖြတ် သက်တိုလတ်
  မသတ် အသက်ရှည်။
- ညှဉ်းဆဲသူအား အနာများ
  သနား ကျန်းမာမည်။
- ဒေါသမီးလျှံ အကျည်းတန်
  သည်းခံ လှပသည်။
- မနာလိုတာ ခြွေရံကွာ
  ကြည်သာ ခြွေရံစည်။
- မပေးလှူက မွဲပြာကျ
  လှူမှ ပေါကြွယ်သည်။
- မရှိမသေ မျိုးယုတ်ခြေ
  ရှိသေ မျိုးမြတ်မည်။
- မမေးမမြန်း ဉာဏ်မြင်ကန်း
  စုံစမ်း ဉာဏ်ကြီးမည်။
- ဆိုးတာပြုက ဆိုးတာရ
  ကောင်းမှ ကောင်းစားသည်။
- ဆိုးကောင်းနှစ်တန်
  ကံစီမံ ခံစံကြရသည်။

သာမဏေကျော်

---

## အမှန်တရား သိမှ မြင့်မြတ်လှ

သစ္စာမသိ ဒိဋ္ဌိမကွာ
ထိုသူမှာလျှင်
လူတွင်စကြာ နတ်မှာသကြား
ဦးဖျားဗြဟ္မာ ဖြစ်တုံပါလည်း
ခန္ဓာပြိုကွဲ ကုသိုလ်စဲက
ဖောက်လွဲပါယ်ရွာ ရောက်မြဲသာတည်း။

## ငါးအာရုံ ဆုံးမစာ

ငါးအာရုံဘင်အစု
ခင်မှုနှင့်နေ့ကုန်၊
နင်ယခု မေ့ပုံရယ်
တွေ့မကြုံစခန်း၊
ပါယ်လေး၀ သောကဘုံမှာ
မျောရယုံ ရှိတော့ခမန်း၊
အောက်ဝီစိ သောင်းအင်္ဂမှာ
ခေါင်းမပြူစတမ်း၊
နှစ်အရှည် နစ်မည်လမ်းကိုလ
နင်မြင်စမ်းနင့်ကိုယ်၊
ဒေသနာတော် ထင်အလင်းရယ်နှင့်
နင်အဖျင်း ပိုထက်သာပို၊
သည်လောဘ စရိုက်အိုကို
မလိုက်လို ရှောင်ပစ်လို့
နောင်အသစ် တကယ်ပြင်လျှင်
ကောင်းဖို့အစဉ်...။
ခွင့်သာခိုက်မှာ မလိုက်ချင်လျှင်
အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာဆဲမှာ မခဲချင်လျှင်
အလွဲနင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာတုံးမှာ မရုံးချင်လျှင်
အရှုံးနင့်ပြင် ရှိသေးလေလိမ့်လား။

လယ်တီဆရာတော်ဘုရားကြီး

# မေတ္တာဟူသည်

**အရှင်ဇဝန(ကုန်းဇောင်း)**

မေတ္တာဟူသည် သတ္တဝါအားလုံးကို အညီအမျှ ချစ်ခင်ကြင်နာခြင်းဖြစ်ပါသည်။ မေတ္တာသည် ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်၏။ မေတ္တာသည် အေးမြ၍ ဒေါသသည် ပူလောင်၏။ ၄င်းမေတ္တာသည် ကာယကံမေတ္တာ'ဝစီကံမေတ္တာ'မနောကံမေတ္တာဟူ၍ သုံးမျိုးရှိသည်။ ကိုယ်ဖြင့် အကူအညီပေးမှု၊ ကျွေးမွေးလှူဒါန်းမှု၊ဆေးဝါးကုသပေးမှုတို့သည် ကာယကံမေတ္တာမည်၏။ နှုတ်ဖြင့် ဆုံးမသွန်သင်မှု၊ အကူအညီပေးမှု ယဉ်ကျေးချိုသာစွာပြောဆိုမှုသည် ဝစီကံမေတ္တာမည်၏။ စိတ်ဖြင့် အဖန်ဖန်ပွားများပို့သမှုသည် မနောကံမေတ္တာမည်၏။

မေတ္တာသည် မေတ္တာထားခံရသူနှင့် မေတ္တာထားသူ နှစ်ဦးလုံးအတွက် အေးမြချမ်းသာသော သတ္တိကို ဆောင်နိုင်၏။ ယင်းဗြဟ္မစိုရ်တရား မေတ္တာကို လူ့လောက လူ့ပတ်ဝန်းကျင်၌ တွင်တွင်ကျယ်ကျယ် အသုံးပြုလာခဲ့ကြသည်။ အချို့က ဖိုနှင့်မ ချစ်ခင်တပ်မက်မှုကို မေတ္တာဟုခေါ်ဆိုကြသည်။အချို့က ညီအစ်ကိုမောင်နှမ အချင်းချင်း၊ မိသားစုအချင်းချင်း ချစ်ခင်တွယ်တာမှုကို မေတ္တာဟုခေါ်ဆိုကြသည်။ စင်စစ် ယင်းနှစ်မျိုးလုံးပင် မေတ္တာစစ် မေတ္တာမှန် မဟုတ်ကြပေ။

ဖိုနှင့်မ ချစ်ခင်တပ်မက်မှုသည် မေတ္တာမဟုတ်။ စွဲလန်းတပ်မက်သော တဏှာရာဂဟု အများက လက်ခံကြသည်။ ညီအစ်ကို မောင်နှမ မိသားစုအချင်းချင်း ချစ်ခင်တွယ်တာမှုကို တဏှာပေမဟု အများက လက်မခံလိုကြပေ။ ညီအစ်ကို မောင်နှမ မိသားစုအချင်းချင်း ချစ်ခင်တွယ်တာမှုကို ၅၂၈–သွယ် မေတ္တာဟု ထင်မှတ်နေကြသည်။

၅၂၈–သွယ် မေတ္တာကို အနည်းငယ် ရှင်းပြရသော် – မေတ္တာပွားများပို့သရမည့် သဗ္ဗေသတ္တာ သဗ္ဗေပါဏာ စသော ပုဂ္ဂိုလ်အမျိုးအစား (၁၂)မျိုးရှိသည်။ ယင်း (၁၂)မျိုးကို အဝေရာ ဟောန္တု အစရှိသော မေတ္တာပွားများပုံလေးမျိုးနှင့်မြှောက်ပွားကာ ၄၈ ခု ဖြစ်လာရသည်။ (သတ္တဝါအမျိုးအစား ၁၂ မျိုးတွင် တစ်မျိုးတစ်မျိုး၌ လေးကြိမ် မေတ္တာပွားရသောကြောင့် မြှောက်ပွားရခြင်းဖြစ်သည်)။

တစ်ဖန် ထို (၄၈)မျိုးကို အရပ်ဆယ်မျက်နှင့် မြှောက်ပါက ၄၈၀ဖြစ်လာသည်။ ယင်း ၄၈၀–ကို အရပ်ဆယ်မျက်နှာမရည်ညွှန်းသော ရိုးရိုး (၄၈)မေတ္တာနှင့်ပေါင်းလိုက်သောအခါ ၅၂၈–မေတ္တာ ဖြစ်လာပါသည်။

အချုပ်အားဖြင့်ဆိုပါလျှင် ၅၂၈–သွယ် မေတ္တာဟူသည် မေတ္တာပွားများအပ်သူ ပုဂ္ဂိုလ်အမျိုးအစားနှင့် မေတ္တာပွားများနည်း လေးမျိုးမြှောက်ပွား၍လည်းကောင်း၊ အရပ်ဆယ်မျက်နှာနှင့် မြှောက်ပွားခြင်းကြောင့်လည်းကောင်း အရေအတွက်အားဖြင့် ၅၂၈ ဖြစ်လာခြင်းကို ဆိုလိုသည်။

**ထို** ၅၂၈–သွယ် မေတ္တာကိုပင် မိသားစုအချစ်၊ မောင်နှမအချစ်ဟု ထင်မှတ်မှားနေကြသည်။ တစ်ချို့က ၅၂၈–သွယ်မေတ္တာကို မောင်ချစ် နှမချစ်မေတ္တာ၊ ၁၅၀၀–ကိလေသာကို လင်ချစ်မယားချစ်မေတ္တာဟု ယင်းနှစ်မျိုးကိုပေါင်းစပ်၍ ၂၀၂၈–မေတ္တာဟုပင် ရောနှောသုံးစွဲလာခဲ့ကြသည်။

သူတော်ကောင်းတရား ဖြဟ္မစိုရ်တရားဖြစ်သော ၅၂၈–သွယ်မေတ္တာနှင့် ဆိုးဝါးယုတ်ညံ့သော ၁၅၀၀–ကိလေသာကို ပေါင်းစပ်ရောနှောသုံးစွဲခြင်းသည် အလွန်မှားယွင်းသော သုံးစွဲခြင်းဖြစ်သည်။ မေတ္တာသည် အေးချမ်း၏။ ကိလေသာသည် ပူလောင်၏။ အပူနှင့်အအေးသည် ဆန့်ကျင်ဘက်ဖြစ်၏။

မိသားစုချစ် မောင်ချစ်နှမချစ်များသည်လည်း တွယ်တာကပ်ငြိသော တဏှာပေမ စစ်စစ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မိခင် ဖခင်တို့ကလည်း သားသမီးတို့အပေါ်မှာ မခွဲနိုင် ၊ မခွါရက် တွယ်တာကပ်ငြိကြသည်။ သားသမီးများကလည်း မိခင် ဖခင်တို့အပေါ်မှာ မခွဲရက်၊ မခွါရက် တွယ်တာကပ်ငြိကြ၏။ ယင်းသို့ တွယ်တာတပ်မက်မှုများသည်လည်း တဏှာပေမအသေးစားဖြစ်သော ဂေဟ–သိတပေမတဏှာမည်၏။ တဏှာအသေးစား ဂေဟသိတပေမသည် ချစ်သူတို့အချစ်မျိုး တဏှာရမ္မက်မဟုတ်စေကာမူ ကပ်ငြိမှု၊ စွဲလန်းနှစ်သက်မှု ဉပါဒါန်ဖြစ်သောကြောင့် မေတ္တာဟုမခေါ်ဆိုထိုက်ပါပေ။

သို့သော် မိသားစုအချစ်၊မောင်နှမအချစ်၊ ချစ်သူအချစ်တို့၌လည်း ၅၂၈–သွယ်မေတ္တာ ပါဝင်နေတတ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီမှု၊ စောင့်ရှောက်မှု၊ပေးကမ်းကျွေးမွေးမှုများ ရှိနေသောကြောင့်တည်း။ ထိုအချင်းအရာများက မေတ္တာ၏ စွမ်းရည်သတ္တိကို ဖေါ်ပြနေသည်။ သို့သော် မိသားစုအချင်းချင်းအပေါ် မေတ္တာပွားများရာ၌ တဏှာပေမဟူသော အနီးကပ်ရန်သူက ပူးကပ်နှောက်ယှက်တတ်၏။ မိသားစုအပေါ် မေတ္တာပို့သရင်း တွယ်တာမှု ၊ စိုးရိမ်မှုများဝင်ရောက်နှောက်ယှက်တတ်၏။

မေတ္တာကို ဝင်ရောက်နှောက်ယှက်တတ်သော ရန်သူနှစ်မျိုးရှိ၏။ အနီးရန်သူနှင့် အဝေးရန်သူပင်ဖြစ်၏။ တဏှာပေမသည် မေတ္တာဟန်ဆောင်၍ အတုအယောင်လုပ်တတ်၊ ပူးကပ်နှောက်ယှက်တတ်သောကြောင့် အနီးရန်သူမည်၏။ ဒေါသသည် မေတ္တာ၏ ဆန့်ကျင်ဘက် သက်သက်ဖြစ်၍ မေတ္တာကို ဖျက်ဆီးတတ်သောကြောင့် အဝေးရန်သူမည်၏။ အဝေးရန်သူထက် အနီးရန်သူက ပို၍ပင်ကြောက်စရာကောင်း၏။

မေတ္တာပွားများပို့သလျှင် မိမိ အချစ်ဆုံးပုဂ္ဂိုလ်နှင့် အမုန်းဆုံးပုဂ္ဂိုလ်ကို ဦးစွာမေတ္တာ မပွားများရပါ။ အချစ်ဆုံးပုဂ္ဂိုလ်ကို ဦးစွာ မေတ္တာပွားများပါက တဏှာပေမ ပူးကပ်နှောက်ယှက်တတ်၏။ အမုန်းဆုံးပုဂ္ဂိုလ် ဦးစွာမေတ္တာပွားများပါက မေတ္တာပွားများမှု မဖြစ်မြောက်နိုင်ပေ။ မိမိအပေါ်၌ ကျေးဇူးကြီးမားကြသော ပုဂ္ဂိုလ်များကို ဦးစွာမေတ္တာပွားများပို့သရမည်။

ထို့နောက် တစ်ဖြည်းဖြည်း အနန္တသတ္တဝါတိုင်အောင် တစ်ဆင့်ထက်တစ်ဆင့် ကျယ်ကျယ်ပျံ့ပျံ့ပွား များပို့သရမည်။

မေတ္တာပွားများခြင်းဖြင့် မေတ္တာပွားများသူ၏ ကိုယ်တွင်း အဇ္ဈတ္တကိုပါ လက်ငင်းအေးမြချမ်းသာမှုကို ရရှိနိုင်ပေသည်။ နေပူပူမှာ လမ်းလျှောက်ရင်း မေတ္တာပွားများနေလျှင် နေအပူဒဏ်ကိုခံနိုင်၏။ အေးမြချမ်းသာမှုကို ရရှိနိုင်၏။ မေတ္တာပွားများသူအား မေတ္တာအကျိုး (၁၁)မျိုးကို ရရှိခံစားနိုင်သည်။ မေတ္တာအကျိုး (၁၁)မျိုးကား –

(၁)ကိုယ်ရောစိတ်ပါ ချမ်းသာစွာ အိပ်စက်ရခြင်း။

(၂)ကိုယ်ရောစိတ်ပါ ချမ်းသာစွာ နိုးကြားရခြင်း။

(၃)ကောင်းမွန်သော အိမ်မက်ကို မြင်မက်ရခြင်း။

(၄)လူနတ်တို့က ကိုယ့်ကို ချစ်ခင်မြတ်နိုးကြခြင်း။

(၅)နတ်အများက ကိုယ့်ကို စောင့်ရှောက်ကြခြင်း။

(၆)ဒုတ် ဓားလက်နက်ဘေး၊ မီးဘေးမသင့်ခြင်း။

(၇)အဆိပ်အတောက် မသင့်ခြင်း။

(၈)စိတ်တည်ကြည် ငြိမ်းချမ်းခြင်း။

(၉)မျက်နှာ ကြည်လင်လှပခြင်း။

(၁၀)မတွေမဝေ (မေတ္တာစိတ်ဖြင့် ကြည်ကြည်လင်လင်)သေရခြင်း။

(၁၁)သေသည်၏နောက်ဘဝတွင် ဗြဟ္မာ့ပြည်သို့ရောက်ရခြင်း။

မေတ္တာပွားများပို့သမှုကြောင့် အန္တရာယ်အမျိုးမျိုး၊ ရောဂါကပ်ဘေးအမျိုးမျိုးတို့မှ လွတ်မြောက် ချမ်းသာပုံ သာဓကများစွာ ရှိခဲ့ဘူးပါသည်။ ယင်းသာဓကများအနက် ဥတ္တရာသတိုးသမီး၏ မေတ္တာ အကြောင်းကို တင်ပြလိုပါသည်။

သိရိမာပြည့်တန်ဆာမသည် အငှါးမယားဘဝဖြင့် ဥတ္တရာသတိုးသမီး၏ လင်ယောက်ျားကို ပြုစုနေရသည်။ အငှားမယားဘဝကို သာယာတပ်မက်နေသော သိရိမာက ဥတ္တရာအပေါ် မနာလို မရှုဆိတ်၊ ဥတ္တရာကဲ့သို့ ရာသက်ပန် မယားဖြစ်လို၏။ ဖြစ်ပေါ်လာသော လောဘ၊ဒေါသစိတ်များကို မထိန်းသိမ်းနိုင်သည့် ဥတ္တရာအား ပွက်ပွက်ဆူနေသော ဆီပူတို့ဖြင့် လောင်းလေ၏။

ဥတ္တရာကမူ သိရိမာ ဆီပူတွေ ခတ်ယူလာသည်ကိုမြင်၏။ မိမိကို လောင်းဖို့ဆိုသည်ကိုလည်း သိ၏။ သို့သော် သူက သိရိမာ၏ ကောင်းကွက်များကို ကြံဖန်စဉ်းစား၏။ "ငါ အခုလို ဘုရားအမှူး ရှိသော သံဃာတော်တို့အား ရက်ပေါင်းများစွာ ဆွမ်းကပ်ခွင့်ရတာဟာ သိရိမာ၏ ကျေးဇူးကြောင့်ပဲ၊ ငါ့ ကျေးဇူးရှင်မကြီး သိရိမာ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ငါသည် သူ့အပေါ်မှာ မေတ္တာမပျက်ခဲ့သော် ဆီပူများသည် စန္ဒကူးရေစင်လို အေးမြပါစေ။ မေတ္တာပျက်ခဲ့သော် ဆီပူသည် ဆီပူလိုပင် ပူလောင်ပါစေ"

ဟုစိတ်ထဲကပင် မေတ္တာပွားများနေ၏။ 

ယင်းမေတ္တာ၏ အနုဘော်တော်ကြောင့် သီရိမာလောင်းလိုက်သော ဆီပူတို့သည် စန္ဒကူးရေကဲ့သို့ အေးမြချမ်းသာသောအတွေ့ကို ဥတ္တရာ ခံစားလိုက်ရ၏။ မွေးညှင်းနုကလေးများကိုပင် အပူဓာတ်မရရှိလိုက်ပေ။ ထူးဆန်းအံ့သြဘွယ် မေတ္တာစွမ်းရည်ကို ကိုယ်တိုင်သိလိုက်ရသော သီရိမာသည် ဥတ္တရာအား ဝန်ချတောင်းပန်လေသည်။ သည်ကစ၍ သီရိမာသည်လည်း ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သူတစ်ယောက်ဖြစ်လာခဲ့လေသည်။

ထို့ကြောင့် မေတ္တာသည် မေတ္တာပွားများသူကိုရော မေတ္တာပွားများမှုကို ခံယူရသူကိုပါ ဘေးကင်း ရန်ကွာ ချမ်းသာမှုကို ဆောင်နိုင်၏။ ထိုကဲ့သို့ ထူးခြားသော စွမ်းရည်သတ္တိတို့ကြောင့် မဃဒေဝလင်္ကာကြီး၌ –

**တစ်နေ့သုံးခါ၊ အိုးတစ်ရာဖြင့်၊ ချက်ခါထမင်း၊ ကျွေးမွေးခြင်းထက်၊ မယွင်းစင်စစ်၊ နို့တစ်ညှစ်စာ၊ ကြိမ်သုံးခါမျှ၊ မေတ္တာပွားများ၊ ကျိုးကြီးမားသည်၊ ဘုရားမြတ်စွာ၊ မိန့်ခွန်းတည်း..**ဟု စပ်ဆိုရေးသားတော်မူခဲ့သည်။

တစ်နေ့သုံးကြိမ် သုံးကြိမ် ထမင်းအိုးပေါင်းတစ်ရာဖြင့် ချက်ပြုတ်ကျွေးမွေးခြင်းထက် နို့တစ်ညှစ်စာမျှ အကြိမ်သုံးခါ မေတ္တာပွားများခြင်းက သာလွန်အကျိုးရှိပုံကို ဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် မေတ္တာတရားသည် စေတနာကိုမွေးဖွားပေး၏။ စေတနာသည် ကံတရားကို မွေးဖွားပေး၏။ ကံတရားသည် အကျိုးတရားကိုမွေးဖွားပေး၏။ မေတ္တာအခြေခံရှိမှ သတ္တဝါတိုင်းအပေါ် လှူဒါန်းပေးကမ်းမှု၊ ကောင်းကျိုးချမ်းသာရအောင် ဆောင်ရွက်မှု စသည်တို့ဖြစ်ပေါ်လာနိုင်သောကြောင့် တစ်နေ့ ထမင်းအိုးသုံးရာ အလှူဒါနထက် မေတ္တာပွားများမှုက သာလွန်သည်ဟု ဟောတော်မူခြင်းဖြစ်သည်။

မေတ္တာပွားများသူသည် နောက်ဆုံး သေလွန်သည့်တိုင် ကြောက်ကြောက်လန့်လန့်၊ ဆင်းဆင်းရဲရဲ မသေရ။ အေးအေးချမ်းချမ်း သက်သက်သာသာ သေရသည်။ သေလွန်သွားပါကလည်း အပါယ်ဒုဂ္ဂတိသို့ မလားရ။ ဗြဟ္မာ့ပြည်သို့တိုင်အောင် ရောက်ရှိနိုင်၏။

ထို့ကြောင့် မေတ္တာဟူသည် ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ ကောင်းကျိုးချမ်းသာကို ဆောင်နိုင်၍ သူတော်ကောင်းများ အမြဲတမ်း ပွားများသောတရားဖြစ်ကြောင်း၊ ယင်းမေတ္တာတရားသည် လောကကြီးတစ်ခုလုံး အေးချမ်းသာယာအောင် စွမ်းဆောင်နိုင်သောတရားဖြစ်ကြောင်း၊ လူတိုင်းသိရှိနားလည်သင့်လှပေသည်။ သိရှိနားလည်သည့်အလျှောက် လူတိုင်းအပေါ်၊ သတ္တဝါတိုင်းအပေါ်တွင်

မွန်မြတ်သော ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ ပွားများနိုင်ကြပါစေဟု ဆန္ဒပြုယင်း နှလုံးစိတ်ဝမ်း အေးချမ်းသာယာ ချမ်းသာကြွယ်ဝကြပါစေကြောင်း...။ အရှင်ဇဝန(ကုန်းဓောင်း)

**(မှတ်ချက် ) ၂၀၀၁–ခုနှစ် မတ်လထုတ် ဓမ္မရံသီမဂ္ဂဇင်း၌ ရေးသားခဲ့သော ဆောင်းပါးဖြစ်သည်။**

---

## ဓောင့်လေမျိုးနွယ်

တစ်ချို့တိရစ္ဆာန်လေးများသည် လူတို့က အတုယူဆရာတင်ရလောက်အောင် ကောင်းသည့် မျိုးချစ်စိတ်ဓာတ်နှင့် စွမ်းရည်သတ္တိအမျိုးမျိုး ရှိကြသည်။ ဥပမာအားဖြင့် ကျီးငှက်လေးများကိုကြည့် ပါက အမျိုးကိုချစ်ခင်ရာတွင်လည်းကောင်း၊ စည်းလုံးညီညွတ်ရာတွင်လည်းကောင်း စံထားထိုက်ပါ ပေသည်။

အဆိုပါ ကျီးငှက်များသည် မိမိအသိုက်ကို အန္တရာယ်ပြုလာပါက တစ်တောလုံး ဆူညံသွား လောက်အောင်ပင် အော်ဟစ် ထိုးဆိတ်ကွာကွယ်တတ်ကြသည်။ မိုးဦးကျ အခါတွင် ကျီးပေါက်လေး များ မြေပြင်သို့ ပြုတ်ကျတတ်သည်။ ထိုအခါ အသက်ရှင်နေသော ကျီးပေါက်ကလေးများကို မဆို ထားနှင့် သေပြီးသော ကျီးပေါက်ကလေးများကိုပင် ကောက်ယူမိလျှင် ဝိုင်းဝန်းထိုးဆိတ် အန္တရာယ် ပေးတတ်ကြသည်။ ကျီးငှက်တို့၏ မျိုးချစ်စိတ်နှင့် ညီညွတ်မှုကို အတုယူသင့်လှပေ၏။

ထိုကျီးငှက်များ မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုရှိသကဲ့သို့ မြန်မာအမျိုးကောင်းသား အမျိုးကောင်းသမီးလေးများ မျိုးချစ်စိတ်ဓာတ်ရှိကြလျှင်၊ စည်းလုံးညီညွတ်မှုရှိကြလျှင် အဘယ်မျှ ကောင်းမည်နည်း။

မိမိတို့၏ အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးသော စိတ်ကို မျိုးချစ်စိတ်ဟုခေါ်ပါသည်။ မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြသည်။ ဒေသအသီးသီး၌ အမျိုးအမည် ကွဲပြားခြားနားသော်လည်း တစ်မြေတည်း၊ တစ်ရေတည်း၊ တစ်သွေးတည်း တစ်သားတည်းပင်။

မြန်မာဟူသော အမည်သည်ပင် တိုင်းရင်းသားအားလုံး၏ အမျိုးအမည်ကို ကိုယ်စားပြုသော အမည်ဖြစ်သည်။ မြန်မာပြည်ဖွား တိုင်းရင်းသားအားလုံး၊ မြန်မာ့နွယ်ဖွား မျိုးဆက်များအားလုံးက အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးတတ်မှသာ မြန်မာနိုင်ငံနှင့် မြန်မာမျိုးနွယ်စုများ အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေမှာ ဖြစ်ပါသည်။

အချို့ မြန်မာအမျိုးသား အမျိုးသမီးများသည် မျိုးချစ်စိတ်ဓာတ် တစ်နေ့တစ်ခြား လျော့ပါး လာခဲ့ကြ၏။ ဘာသာ သာသနာကို ချစ်မြတ်နိုးစိတ်ကား ပို၍ပင် ခေါင်းပါးလာခဲ့ကြသည်။ အနာဂါတ် သာသနာတော် အရေးသည်ကား ရင်လေးဘွယ်ရာ ကောင်းလှတော့၏။

အချို့မြန်မာလူမျိုးများသည် လူမျိုးခြားကိုမှ အထင်ကြီးသည်။ တိုင်းတစ်ပါး ယဉ်ကျေးမှုကိုမှ ခုံမင်သည်။ တိုင်းတစ်ပါး ဝတ်စားဆင်ယဉ်မှုကိုမှ နှစ်သက်သည်။ "ပြည်တန်သည့် ပတ္တမြား ပဲလှော်နဲ့ လဲစား"ဆိုသကဲ့သို့ ကိုယ့်တိုင်းပြည်က ပြည်တန်ရတနာများကို တိုင်းတစ်ပါးက ဇိမ်ခံပစ္စည်းအမျိုးမျိုးတို့ဖြင့် လဲလှယ်စားသုံးနေကြသည်။ အဘိုးတန် အမျိုးမှန် မြန်မာသွေးများကို လူမျိုးခြားသွေးတို့ဖြင့် လဲလှယ်ခြင်း ရောနှောခြင်းကို ပြုလုပ်နေကြသည်။

တိုင်းတပါးမှ ဇိမ်ခံပစ္စည်းများ ၊ အဝတ်အစား အသစ်အဆန်းများ ပေါ်လာတိုင်း သူ့ထက်ငါ ဦးသည်ထက်ဦးအောင် ထူးသည်ထက်ထူးအောင် ဝယ်ယူသုံးစွဲနေကြသည်။ ဇိမ်ခံပစ္စည်းများနှင့် အဝတ်အစားအသစ်အဆန်းများနောက်သို့ တမ်းတမ်းစွဲလိုက်နေကြသည်။

တချို့က ဇိမ်ခံပစ္စည်းများနှင့် အလှအပ အသစ်အဆန်းများကို ပိုင်ဆိုင်ရမည်ဆိုလျှင် အမျိုးပျောက်မှာကိုလည်း မကြောက်၊ ဘာသာ သာသနာစွန့်ပစ်ရမှာကိုလည်း ဝန်မလေးကြချေ။ သည်လိုဖြင့်သာ ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်နေကြလျှင် အမျိုးဘာသာ သာသနာတော်သည် တိမ်းပါး ကွယ်ပျောက်ရမည့် အခြေအနေသို့ မလွဲမသွေ ရောက်ကြရပေလိမ့်မည်။

အမျိုးစစ် အမျိုးမှန်ဖြစ်မှသာလျှင် ကိုယ့်အမျိုးကို သစ္စာရှိစွာ ချစ်မြတ်နိုးပေလိမ့်မည်။ လူမျိုးခြားနှင့် ထိမ်းမြားလက်ထပ်လျှင် သွေးကွဲ၊ ဘာသာကွဲ မြန်မာလေးများ ပေါက်ဖွားလာမည်။ ထိုသွေးကွဲမြန်မာလေးများသည် မြန်မာလူမျိုးများကို ရာနှုန်းပြည့်ချစ်ခင်နိုင်ကြမည်လား။ မြန်မာတို့နှင့် ညီညွတ် မျှတစွာ စည်းလုံးနေထိုင်နိုင်ကြမည်လား။ မြန်မာတို့အပေါ်မှာကော သစ္စာရှိနိုင်ပါ့မလား ဆိုသည်ကို မည်သူမျှ အာမခံချက် မပေးနိုင်ကြပေ။

မစင်ကြယ်သော ညစ်ညမ်းသော သွေးသည် စွမ်းအားပြည့်၏။ မြန်မာသွေးနှင့် ရောနှောခဲ့သော လူမျိုးခြားသွေးတို့သည် မြန်မာ့မြေပေါ်၌ ကြီးပြင်းရသောလည်း မြန်မာ့ရေမြေ၏ ကျေးဇူးသစ္စာကို မသိ။ မြန်မာ့ရေမြေတွင်နေပြီး မြန်မာ့ရေမြေနှင့် အာဟာရများကို သုံးဆောင်နေကြသော်လည်း မြန်မာကို ရန်သူလိုသာ သဘောထားတတ်ကြ၏။ လူမျိုးခြား သွေးဘက်သို့သာ တိမ်းကာယိမ်းကာ ပါသွားတတ်ကြလေသည်။ သူ့လူ ကိုယ့်ဘက်သားများ ဖြစ်သွားတတ်ကြလေသည်။ (သာဓက များစွာရှိခဲ့၏)

လူမျိုးခြားတို့က မြန်မာတိုင်းရင်းသား အချင်းချင်း သွေးစည်းညီညွတ်မှုကို ယခင်ကလည်း ဖျက်ဆီးခဲ့ကြသကဲ့သို့ ယခုလည်း ဖျက်ဆီးနေကြဆဲ။ နောက်နောင်တွင်လည်း ဖျက်ဆီးနေကြဦးမည်သာ။ အိမ်ကြက်ချင်း အိုးမည်းသုတ် တိုက်တတ်သော ဓလေ့ကို မေ့မထားသင့်ကြပေ။ လူမျိုးခြားတို့က လူမှုရေး၊ ပညာရေး၊ စီးပွားရေး ပံ့ပိုးကူညီမှုဖြင့် သွေးထိုးပေးတတ်ကြသည်။ ဘာသာအယူဝါဒမှိုင်းတိုက်လျှက် သွေးခွဲပေးတတ်ကြသည်။ အသိအလိမ္မာ ဉာဏ်ပညာနည်းသူများက သွေးထိုးသွေးခွဲ ပေးသူများကိုပင် တကယ့် ကျေးဇူးရှင်ကြီးများဟု ထင်မှတ်မှားနေတတ်ကြသည်။

တစ်ခါတစ်ရံ၌ အမှန်တရားသည် ဖြောင့်စင်းမှန်ကန်သော်လည်း အမှားတရားတို့၏ လှည့်စားမှု၊ မှိုင်းတိုက်မှု၊ မက်လုံးပေးမှုများကြောင့် ကောက်ကွေ့လွဲချော်သယောင် ထင်မြင်ရတတ်၏။ နက်နဲသော အသိဉာဏ်မရှိပါမူ အမှန်ကို အမှား၊ အမှားကို အမှန်ဟု အထင်လွဲတတ်၏။ အကောင်း အဆိုး အမှန် အမှား ခွဲခြားဝေဖန်တတ်သော အသိဉာဏ်ရှိဘို့လိုသည်။ ယင်းအသိဉာဏ်သည် အတွေ့အကြုံနှင့် စာပေဗဟုသုတမှ ရရှိနိုင်လေသည်။ ထို့ကြောင့် အနှစ်သာရရှိသော စာကောင်း ပေမွန်များကို အမြဲမပြတ် ဖတ်ရှုလေ့လာသင့်သည်။ ရရှိလာသည့် စာပေဗဟုသုတဖြင့် ထိရောက်အောင် လက်တွေ့ကျင့်သုံးလိုက်နာသင့်သည်။

မြန်မာနိုင်ငံတော်တွင် အကောင်းအဆိုး အမှန်အမှား ဝေဖန်ပိုင်းခြားတတ်သော လူတော်လူကောင်းများ အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးစွာ တိုးတက်ထွန်းကားလာမှသာလျှင် လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ စီးပွားရေး စသည့်အရေးများ တိုးတက်ထွန်းကားလာပေလိမ့်မည်။

ထို့ကြောင့် မြန်မာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ မိမိ အမျိုးကို မပျက်စီးအောင် ထိန်းသိမ်း စောင့်ရှောက်ကြရန်၊ မိမိဘဝ တစ်ခဏတာ လိုအင်ဆန္ဒအတွက်နှင့် အမျိုးဘာသာ သာသနာကို မဖျက်ဆီးကြရန်၊ အိမ်ထောင်ရေး စီးပွားရေးစသည်တို့တွင်လည်း အထူးစည်းကမ်းရှိကြရန်၊ အနှစ်သာရရှိသော စာကောင်း ပေမွန်များကို ဖတ်ရှုလေ့လာကြရန် ဝံသာနုရက္ခိတ စိတ်ထားဖြင့် ရေးသားတင်ပြလိုက်ရပါသတည်း။

**မှတ်ချက်** / ၂၀၀၄–ခုနှစ် ဓမ္မရံသီ မဂ္ဂဇင်းတွင် ရေးသားတင်ပြခဲ့သော ဆောင်းပါးဖြစ်ပါသည်။ မျက်ရည်ဖြင့် ရေးသားသော စာသားများဖြစ်သောကြောင့် တိုက်ဆိုင်မှုရှိပါလျှင် ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။ အရှင်ဇဝန (ကုန်းဇောင်း)

## ဝိပဿနာ ဉာဏ်ပညာ လင်္ကာ

ရှေးဟောင်း ခန္ဓာ၊ သံသရာလည်း၊ ဉာဏ်မှာမမြင်၊ စမထင်ခဲ့၊ ထို့ပြင်တစ်ထောက်၊ သည်မှနောက်လည်း၊ မင်ပေါက်ဖိုလ်ပေါက်၊ သင်မရောက်က၊ ကြောက်ဖွယ်ရာပင်၊ ဆုံးမမြင်ဘူး။

အကြင်ခန္ဓာ၊ ဤငါးဖြာသည်၊ ဖြစ်ကာချုပ်ပျက်၊ အဆက်ဆက်ဖြင့်၊ နှိပ်စက်ပူးလတ်၊ ကိုယ်ကိုသတ်လည်း၊ ဉာဏ်ဓာတ်ကင်းပျောက်၊ မောဟမှောက်၍၊ ကြောက်ဖွယ်ဟုပင်၊ သိမမြင်ခဲ့၊ အကြင်အကြင်၊ မြင်မြင်သမျှ၊ သင်္ခါရသည်၊ နိစ္စဟူ၍၊ မြဲတစ်စေ့မျှ၊ ရှာမရဘဲ၊ ဖြစ်ကမလွဲ၊ ပျက်စမြဲမို့၊ စိတ်ဖွဲ့သန်သန်၊ အမြင်မှန်နှင့်၊ သံသရာဝဋ္ဋ၊ လွတ်ရာအမှု၊ သင်မျှော်ရှု၍၊ ခုဘဝနောက်၊ အထောက်မကွာ၊ သံသရာဇာတ်၊ နှုတ်ခမ်းသတ်အောင်၊ ဉာဏ်ဓာတ်ကိုဖွင့်၊ ဆန္ဒမြင့်၍၊ ထပ်ဆင့်မကွာ၊ ရှုသင့်ရာသည်၊ ခန္ဓာဒုက္ခ၊ ငြိမ်းကြောင်းတည်း။ (ရွှေဟင်္သာဆရာတော်ကြီး)

# နိဗ္ဗာနကောင်းမှု ရေအလှူဒါနအကြောင်း
# သိကောင်းစရာများ

**ရေနံချောင်းဆရာတော် ဦးဇနိတ**

နိဗ္ဗာနဆိုသည်မှာ မြဲသော အမြဲမပြတ် ဟူသော အဓိပ္ပါယ်ရပါသည်။ ဤနေရာ၌ မြဲသော နိဗ္ဗာန ကောင်းမှု ဟူသည်မှာ ဤဘဝ နိဗ္ဗာန်မရသေးလျှင် နောင်လာမည့် အနာဂါတ်ဘဝအတွက် အပါယ် လေးဘုံမှ လွတ်ကင်း၍ ကောင်းရာသုဂတိ လူ့ဘုံနတ်ဘုံသို့ ဧကန်ရောက်နိုင်သော မြဲသောကောင်းမှု ဟု ဆိုလိုသည်။

ဘုရားဟော ထာဝရကောင်းမှု အမျိုးမျိုးရှိရာ တစ်မျိုးမျိုးကို ပြုထားလိုက်လျှင် လူ့ဘဝ နတ်ဘဝ တစ်ခုခု ဖြစ်ရန် မြဲသည် သေချာပေါက်ဖြစ်သည်ဟု ဆိုလိုရင်း ဖြစ်သည်။ အနာဂတ်ဘဝ၌ သုဂတိမြဲ မှု အကြောင်းပြု၍ နိဗ္ဗာနကောင်းမှုဟု ခေါ်ဆိုရခြင်းဖြစ်ပါသည်။

ထို့ပြင် နိစ္စဓုဝ နိဗ္ဗာနထား၍ နေ့စဉ်ဖြစ်စေ ရက်သတ္တဖြစ်စေ နှစ်စဉ်ဖြစ်စေ အချိန်မှန်မှန် အမြဲ ပြုသော ကောင်းမှုကိုလည်း နိဗ္ဗာနကောင်းမှုဟုပင် သာသနာတော်၌ ခေါ်ဝေါ်ပြောဆို သုံးနှုန်းလေ့ရှိသည်။

ဥပမာ –

နေ့စဉ် ပိဏ္ဍပတ်ဆွမ်းလောင်းလှူခြင်း၊ ဘုရားကို အိပ်ယာဝင် အိပ်ယာထ အမြဲရှိခိုးခြင်း၊ ရေချမ်း မှန်မှန်ကပ်ခြင်း၊ စေတီယင်္ဂဏဝတ်အဖြစ်ဖြင့် ဘုရားရင်ပြင်တော်ပေါ်တွင် အမြဲဝတ်ထား၍ တံမြက်စည်းလှဲခြင်း စသော ကောင်းမှုမျိုးတို့ကဲ့သို့ ဖြစ်ပါသည်။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ(၃၀) ဝနရောပသုတ်၌ .. အာရာမရောပါ ဝနရောပါ ယေ ဇနာ သေတုကာရကာ ၊ ပပဉ္စ ဥဒပနဉ္စ၊ ယေ ဒဒန္တိ ဥပဿယံ၊ တေသံ ဒိဝါ စ ရတ္တောစ၊ သဒါ ပုညံ ပဝၯတိ၊ ဓမ္မဋ္ဌာ သီလသမ္ပန္နော၊ တေ ဇနာ သဂ္ဂဂါမိနော။ (ပါဠိ)

မြန်မာပြန် – အကြင် သူတို့သည် သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ် စိုက်ပျိုးကြကုန်၏။ အရိပ်ရ ကုန်သော တောသစ်ပင်တို့ကို စိုက်ပျိုးကြကုန်၏။ အများသတ္တဝါ ချမ်းသာလွယ်ကူစွာနိုင်ရန် တံတား ထိုးပေးကြကုန်၏။ အများသတ္တဝါ သောက်သုံးနိုင်ရန် ရေအိုးတို့ကို တည်ထားကုန်၏။ နေထိုင်ရန် အရိပ်အာဝါသ ကျောင်း အဆောက်အဦးတို့ကို ဆောက်လုပ်လှူဒါန်းကြကုန်၏။ ထိုသူတို့အား နေ့၌ ဖြစ်စေ ညဉ့်၌ဖြစ်စေ ကုသိုလ်ကောင်းမှု အမြဲထာဝရ တိုးပွားနေကြကုန်၏။

ထိုသူတို့သည် ကောင်းသောအလေ့အကျင့် စာရိတ္တသီလနှင့် ပြည့်စုံကုန်လျှက် နတ်ပြည်လောက သို့ ရောက်ကြကုန်၏ ဟု ဘုရားရှင်ကိုယ်တော်တိုင် နတ်တို့အား ဟောကြားထားခဲ့သည်မှာ နိဗ္ဗာန

ကုသိုလ်၏ အကျိုးဆက်များပင် ဖြစ်၏။

ထိုအကျိုးဆက်များတွင် ဥဒပါန ရေတွင်းအလှူလည်းပါ၏။ ရေတွင်းအလှူသည် ထာဝရ ကုသိုလ်ဖြစ်၍ နေ့ရောညပါအမြဲကုသိုလ်ရနေပေတော့သည်။

ထို့နောက်လည်း အင်္ဂုတ္တိုရ်အဋ္ဌကထာ တတိယအုပ်၊ သဥပါဒိသေသ သုတ်(နှာ–၂၆၅)၌လည်း "ယေသံ ပန ကုလာနံ၊ တီဏိ သရဏာနိ၊ ဧကံ သလာကဘတ္တံ၊ ဧကံ ပက္ခိကဘတ္တံ၊ ဧကံ ဝဿဝါသိကံ၊ ဧကော ပေါက္ခရဏီ၊ ဧကော အာဝါသော၊ ဝေဠုပါနိ နိဗဒ္ဓပုညာနိ အတ္ထိ၊ တေသမ္ပိ ဂတိ နိဗဒ္ဓါ၊ သောတာ ပန္န သဒိသာနေဝ တာနိ ကုလာနိ" ဟု အပါယ်မကျနိုင်သည့် ကောင်းမှုတို့ကို ဟောထားသည်ကို တွေ့ရပါသည်။

"သရဏဂုံ သီလ၊ သလာကနှင့်၊ ပက္ခ စီဝရံ၊ ရေကန် ရေတွင်း၊ ကျောင်းဆောက်လျှင်း၊ လွတ် ကင်းပါယ်ရွာ၊ လူနတ်သာတည်း" ဆိုသည့်အတိုင်း သောတာပန်နှင့်တူ၍ အပါယ်မကျနိုင်သည့် ကုသိုလ်မျိုးတို့ကို ဟောခဲ့ပါသည်။

**၁။ သရဏဂုံကုသိုလ်၊**

**၂။ ငါးပါးသီလကုသိုလ်၊**

**၃။ စာရေးတန်ဆွမ်းကုသိုလ်၊**

**၄။ ပက္ခဆွမ်း (ရက်မှန်)ကုသိုလ်၊**

**၅။ ဝါဆိုသင်္ကန်းကုသိုလ်၊**

**၆။ ရေတွင်း ရေကန်ကုသိုလ်၊**

**၇။ ဇရပ် တန်ဆောင်း ကျောင်းကုသိုလ်၊**

ဟု သည်ကုသိုလ်မျိုး ရှိသူများသည် သောတာပန်နှင့်တူသည့် ဂတိမြဲသော အကျိုးရသည်ဟု ဟောထားသည်။ သတ္တဝါတိုင်း ယခုဘဝမှသေပြီးနောက် အနာဂတ်ဘဝတစ်ခု သွားရသည့် ဂတိတို့ သည် ငါးမျိုးရှိကြကုန်၏။

ယင်းငါးမျိုးတို့ကား

**၁။ ဒေဝဂတိ**

**၂။ မနုဿဂတိ**

**၃။ နိရယ ဂတိ**

**၄။ ပေတဂတိ**

**၅။ တိရစ္ဆာနဂတိ – ဟု** ငါးမျိုးရှိကြသည်။

၁။ ဒေဝဂတိ နတ်ဗြဟ္မာတို့၏ ဂတိကိုလည်း သွားနိုင်သည်။

၂။ မနုဿဂတိ – လူ့ပြည်ကို သွားနိုင်သည်။
၃။ နိရယဂတိ – ငရဲဘုံကို သွားနိုင်သည်။
၄။ ပေတဂတိ – ပြိတ္တာဘုံသို့လည်း သွားနိုင်သည်။
၅။ တိရစ္ဆာနဂတိ – တိရစ္ဆာန်ဘုံသို့လည်း သွားနိုင်သည်။

ဒါဟာ သောတာပန် မဖြစ်သေးသူတိုင်း တစ်ခုခု၊ တစ်လမ်းလမ်း သွားရမှာ အမှန်ပါပဲ။ ဒေဝ မနုဿ၊ နိရယနှင့် ပေတတိရစ္ဆာန်၊ လားရန်အရှိ ငါးတန်သော ဂတိတို့ကို သောတာပန်မဖြစ်သေးသည့် ပုဂ္ဂိုလ်တိုင်း သွားနိုင်တာချည်းပဲ။ လူ့ဘဝကနေပြီး နတ်ဘုံကိုလည်း သွားနိုင်တယ်။ လူ့ဘုံကိုလည်း သွားနိုင်တယ်။ ငရဲဘုံကိုလည်း သွားနိုင်တယ်။ ပြိတ္တာဘုံလည်း သွားနိုင်တယ်။ တိရစ္ဆာန်ဘုံလည်း သွားနိုင်တယ်။ သွားနိုင်တဲ့ (လမ်းကြောင်း) ဂတိငါးမျိုးရှိကြတယ်။

အကယ်၍ ဝိပဿနာ အားထုတ်လို့ ရုပ်နာမ်တရားတွေသာရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ အသက် လိပ်ပြာ သူငါဆိုတာမရှိဘူး၊ ဒီရုပ်ဒီနာမ်တွေကလည်း အားလုံးမမြဲကြဘူး၊ အနိစ္စချည်းပဲ၊ ဆင်းရဲတဲ့ ဒုက္ခချည်းပဲ၊ ဘယ်ရုပ်ဘယ်နာမ်ကိုမှ ငါမပိုင်တဲ့ အနတ္တချည်းပဲလို့ သိမြင်သွားရင် ဒိဋ္ဌိကင်းတယ်။ ဒီ ရုပ် ဒီနာမ်တွေကလည်း အကြောင်းကြောင့်ဖြစ်နေကြတဲ့ အကျိုးတွေသာဖြစ်တယ်လို့ သိရင်ဝိစိကိစ္ဆာ ကင်းနိုင်တယ်။

ဒီလို ဒိဋ္ဌိ ဝိစိကိစ္ဆာကင်းလို့ သောတာပန် အစစ်အဖြစ်သို့ ရောက်သွားပြီဆိုလျှင်တော့ ဆိုခဲ့ပြီး သော ဂတိငါးမျိုးထဲက နိရယ ပေတ တိရစ္ဆာန ဆိုတဲ့ မကောင်းတဲ့ ဒုဂ္ဂတိသုံးလမ်း ပိတ်သွားတယ်။ အပါယ်မှ လုံးဝလွတ်သွားတယ်။ နိဗ္ဗာန် မရောက်သေးလျှင် ကိုယ်ကျင်လည်ရမည့် ဂတိဟာ (ဒေဝ မနုဿ) နတ်နဲ့လူဂတိ နှစ်ပါးပဲ သွားရာလမ်း ကျန်တော့တယ်။

သံသရာ ဘယ်လောက်ချမ်းသာသွားလဲ။ ဒုက္ခတွေ အလွန်နည်းသွားပြီ။ နတ်ဘဝနှင့် လူ့ဘဝ အကြိမ်ကြိမ် စုံဆန်သွားလာနေလျှက် အလွန်ဆုံး ခုနစ်ကြိမ် ခုနစ်ခါနေပြီး သုဒ္ဓါဝါသဘုံသို့ ပြောင်း မည်။ ထိုဘုံတို့တွင်လည်း ငါးဘုံအစဉ်အတိုင်း တက်သွားတော့ပါမည်။ အကနိဋ္ဌာဘုံလည်း ရောက် ရော နိဗ္ဗာန် ဝင်စံရတော့တာဘဲ။

တပည့်တော်တို့သည် အကယ်၍ ယခုပြောခဲ့သည် ငရဲတိရစ္ဆာန် ပြိတ္တာ ဂတိသုံးပါးတံခါးအမြဲ ပိတ်သွားရသည့် သောတာပန်မဖြစ်ကြသေးဘူးဆိုလျှင် အပါယ်ဂတိမှ လွတ်အောင် ဘယ်လိုကုသိုလ် ကောင်းမှုမျိုး ပြုရပါမည်လဲဘုရား၊ အပါယ်လွတ်သည့်ကုသိုလ်မျိုး ပြုစရာမရှိတော့ဘူးလားလို့ မေးခဲ့ ပါလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ‘သရဏဂုံ သီလ၊ သလာကနှင့်၊ ပက္ခ စီဝရံ၊ ရေကန် ရေတွင်း ကျောင်းဆောက်လျှင်၊ လွတ်ကင်း အပါယ်ရှာ’ဆိုသည့်အတိုင်း အပါယ်ရှာက လွတ်နိုင်သည့် ကုသိုလ် ကား ယခု ဘုန်းကြီးတို့ လှူနေသည့် ရေတွင်းတူးဖော် လှူဒါန်းသည့် ကုသိုလ်အပါအဝင် ခုနစ်မျိုးတို့

တွင် တစ်မျိုးမျိုး ရှိသူများလည်း သောတာပန်လိုပဲ အပါယ်ကလွတ်နိုင်ပါတယ်လို့ ဟောထားပါသည်။

ရေတွင်းတစ်တွင်းကိုဖြစ်စေ၊ ရေကန်တစ်ကန်ကိုဖြစ်စေ၊ လမ်းဘေး ရေအိုးစဉ်လေးကိုပင်ဖြစ်စေ၊ ရိုးရိုးရေကိုပင်ဖြစ်စေ လှူရပါမည်။ ရေသည် သတ္တဝါတို့၏ အသက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ‘ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်’ လို့ ဆိုရိုးပြုထားခဲ့တာပဲ။

သေလုမျောပါးဖြစ်နေတဲ့ လူမမာရဲ့ ပါးစပ်ထဲ ရေလေးတစ်ဖွန်းလောက်ထည့်လိုက်ရင် ရေကို မျိုချကာ အသည်းနှလုံးအေးပြီး အသက်ပြန်ရှင်လာတာတွေရှိကြတယ်။ သို့ဖြစ်၍ ရေအလှူသည် အသက်နှင့်ထပ်တူ တန်ဘိုးရှိလှသည်ကို ယုံကြည်ကြဖို့ပါ။ ဒါ့ကြောင့် ရေလှူရတာဟာ အသက်လှူရတာပါပဲ။ လောကကြီးမှာ ဓာတ်ကြီးလေးပါး ရှိကြရာ ရေဓာတ်ဆိုသည့် အာပေါဓာတ်ကို နုတ်ပယ်ထားကြည့်ရင် ဒီလောကကြီးဟာ မီးလောင်သွားနိုင်ပါတယ်။ ကမ္ဘာကြီး မီးလောင်တယ်ဆိုတာလည်း ရေဓာတ်တွေ ကုန်ခမ်းလို့ လောင်တာပါ။ နေနှစ်စင်းကနေ ခုနစ်စင်းအထိ ဆက်တိုက်ထွက်တော့ ရေဓာတ်အားလုံးဖြစ်သည့် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ အိုင်ကြီးခုနစ်အိုင်စသည့် တောတောင်စသော ရုပ်ဝတ္ထုများတည်ရာ ရေအစိုဓာတ်အားလုံး ခမ်းခြောက်ကုန်လို့ ကမ္ဘာကြီးတစ်ခုလုံး အဝီစိမှ အာဘဿရာဘုံအထိ မီးလောင်ပျက်စီးရကြောင်း ဟောထားတာရှိတယ်။ ထို့ကြောင့် ရေဓာတ်သည် သက်ရှိလူစသော သတ္တဝါများနှင့် လူတို့အသက်ရှင်ရေး အောက်စီဂျင်ဓာတ် အမြဲပေးနေသည့် သက်မဲ့မျက်သစ်ပင်တို့ရဲ့ အသက်ပါပဲဆိုတာ သဘောကျ ယုံကြည်ဖို့ပါပဲ။

ကမ္ဘာလုံးကြီးထဲရှိ ရေတွေခမ်းကုန်ရင် ကမ္ဘာကြီး မီးလောင်ပြီး အကုန်သေကုန်မှာပဲ။ ကမ္ဘာမြေပြင်ကိုမှီပြီး အသက်ရှင်နေကြသည့် သက်ရှိသတ္တဝါတွေလဲ သေကုန်ကြမှာ ဖြစ်တယ်။ ဒါ့ကြောင့် ရေသည် သက်မဲ့ ဩကာသလောက၊ သက်ရှိ သတ္တလောကရဲ့ အသက်ပဲဖြစ်ပါတယ်။ ပိုးမွှားတိရစ္ဆာန်လေးတွေကအစ ဘုရားရှင် ကိုယ်တော်မြတ်ကြီးအထိ ရေနဲ့ကင်းပြီး မနေနိုင်ကြပါဘူး။

သို့ပါ၍ ရေသည် လောကကြီး၏အသက်ပါပဲလို့ သိရှိပြီး ရဟန်းရှင်လူများ ကျွဲနွားတိရစ္ဆာန်များ သစ်ပင်ပန်းမလ်များအတွက် ရေရရှိရေးကို ပံ့ပိုးကူညီကြပြီး အမြဲထာဝရ ငွေပဒေသာပင်များကို မပင်မပန်းသော နည်းအားဖြင့် လှူဒါန်းကြပါလို့လဲ ထပ်မံ၍ အားပေးတိုက်တွန်းလိုက်ရပါသည်။

ဒါနဆိုတာ လှူဒါန်း ပေးကမ်းစွန့်ကြဲတာကိုခေါ်တယ်။ ထိုဒါနကလည်း စေတနာဒါန ဝတ္ထုဒါန နှစ်မျိုးရှိတယ်။ ဝတ္ထုဒါနဆိုတာ ဆွမ်းတို့ သင်္ကန်းတို့ ကျောင်းတို့ ဆေးတို့ ယခုလှူနေတဲ့ ရေတို့စသည့် မျက်စိနှင့် မြင်လို့ရတဲ့ ပစ္စည်းတွေကို ဝတ္ထုဒါနလို့ခေါ်တယ်။ ထိုလှူဘွယ် ဝတ္ထုတွေကို ဘုရားရှင်ကိုဖြစ်စေ၊ ရဟန်းသံဃာတော်များကိုဖြစ်စေ၊ လူနှင့် တိရစ္ဆာန်များကိုဖြစ်စေ ‘ကျန်းမာချမ်းသာပါစေ၊ လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝပါစေ ’လို့ စိတ်ကောင်း စေတနာကောင်းနဲ့ လှူဒါန်းသည့် စိတ်စေတနာတွေကိုတော့ စေတနာဒါနလို့ ခေါ်ရပါတယ်။ ဝတ္ထုဒါနကတော့ ပန်းကလေးတစ်ပွင့်ကဲ့သို့

နည်းနည်းလှူလည်း ဒါနပါပဲ။ ယခုလို ကြီးမားတဲ့ အလှူကြီးမျိုးကဲ့သို့ များများလှူလည်း ဒါနပါပဲ။ ဒီလို ဝတ္ထုဒါနထက် ဝတ္ထုဒါနကို မပြုဖြစ် ပြုဖြစ်အောင် တိုက်တွန်းပေးတဲ့ စေတနာဒါနက ပိုအရေးကြီးတယ်။စေတနာဒါန သန့်ရှင်း စင်ကြယ်အောင် လုပ်ရန် အရေးကြီးတယ်။ စေတနာဒါန ရည်ရွယ်ချက်ကောင်းလျှင် နိဗ္ဗာန်ရောက်အောင် အကျိုးပေးနိုင်တယ်။

ဟိုး အတိတ်ဝေးကွာ ၉၁–ကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူခဲ့တယ်။ ထိုအခါ အမျိုးကောင်းသား တစ်ဦးသည် သံဃာတော်ပေါင်း ခြောက်သန်း ရှစ်သိန်းနှင့် ဘုရားရှင်ကိုယ်တော်မြတ်အား ရေလှူဘူးတယ်။ ထိုဒါယကာသည် 'ငါသည် ပါနီယဒါနခေါ်သည့် ရေအလှူကို လှူသင့်တယ်။ ထိုရေကိုလည်း တစ်ကြိမ် တစ်ခါသာ လှူတာမျိုးမဟုတ် အမြဲထာဝရ ရေရအောင် လှူသင့်တယ်လို့' ကြံစည်တယ်။

ထိုသို့ ကြံစည်ပြီး သောက်ရေတွင်း တစ်တွင်းတူးခဲ့ပါတယ်။ တူးစေပြီး ရေထွက်ပေါ်ရရှိလာသောအခါ အင်္ဂတေအုဋ်တို့ဖြင့် ရေတွင်းကို ကျနစွာစီမံ သပ်ရပ်စွာ ပြုလုပ်ခဲ့တယ်။ ဝိပဿီမြတ်စွာဘုရားက ရေအကျိုးကြီးမားပုံကိုဟောကြားခဲ့တယ်။

ထိုရေဒါနကြောင့် ဂတိငါးပါးတွင် ဒုဂ္ဂတိဖြစ်သည့် မကောင်းသည့် ငရဲ'တိရိစ္ဆာန်'ပြိတ္တာဘုံများသို့ မရောက်ရဘဲ လူ့ပြည်နတ်ပြည် ဤနှစ်ဘုံများကိုသာ ရောက်ခဲ့ရပြီး ဂေါတမဘုရားရှင်လက်ထက်အမျိုးကောင်းသားဖြစ်၍ ဝိပဿနာတရား ပွားများကာ ရဟန္တာဖြစ်ကြောင်း လာရှိပါသည်။ ထို အမျိုးကောင်းသားကို ရေတွင်းတူးလှူခဲ့လို့ ဥဒပါနဒါယကတ္ထေရ ဟု ခေါ်တွင်ကြောင်း အပဒါန်၌ လာရှိပါသည်။ (အပဒါန် ၌ ၁၉၇)

## ဆန်းကျယ်လှပ ခံစားရ

ဝိမာနဝတ္ထု၌ ရေလှူခဲ့ဘူးသော အမျိုးသမီးတစ်ဦးအကြောင်း တွေ့ရှိရပြန်ပါသည်။ သူမသည် ရေရှားပါး၍ ဆာလောင်မွတ်သိပ်နေကြသော ရဟန်းရှင်လူတို့ကို အမြဲတမ်း ရေရရှိအောင် ပြုလုပ်လှူဒါန်းခဲ့သည်။ ထိုရေကုသိုလ်ကြောင့် လူ့ပြည်မှသေလျှင် အပါယ်လေးပါးပိတ်လျှက် ဂတိမြဲပြီး နတ်ပြည်တွင် ရွှေနတ်သမီးဖြစ်ကာ ကြီးကျယ်သည့် စည်းစိမ်ကို ခံစားရသည်။

မိမိ၏ ဗိမာန်ပတ်ဝန်းကျင်၌ တသွင်သွင် စီးဆင်းနေသည့် ငွေသောင်ယံ သဲဖြူလေးများ ကျောက်စရစ်ခဲလေးများကို မြင်ရလောက်အောင် ကြည်လင်အေးမြစွာ စီးဆင်းနေသော လှပဆန်းကြယ်သော အံ့သြဘွယ်ရာ များစွာပွားတိုး ကြာငါးမျိုးတို့ဖြင့် တန်ဆာဆင်ထားသည့် ဆန်းကျယ်လှသော ကောင်းကျိုးများ ခံစားခဲ့ရပြီး နိဗ္ဗာန်ရွှေပြည်ရောက်ရှိကြောင်း လာရှိပါသည်။

(ဝိမာနဝတ္ထုပါဠိတော် ၆/ ၇/ ၈)

ရှေးအခါက အမျိုးကောင်းသား တစ်ဦးသည် အိမ်ရာကိုစွန့်၍ ရသေ့ရဟန်းဝတ်ကာ တရားဘာဝနာပွားများရာ စျာန်အဘိညာဏ်များ ရရှိခဲ့ပါသည်။

ထိုအချိန်မှာ ကုန်သည်ငါးရာတို့သည် အရောင်းအဝယ်သွားကြရာ လှည်းအစီးငါးရာတို့ မျက်စိလည် လမ်းမှားပြီး မရုကန္တာရခေါ် သဲကန္တာရကြီးထဲ ရောက်သွားခဲ့ပါသည်။ ပါလာသော ရေများကုန်ပြီး နွားတွေရော လူတွေပါ ရေငတ်ပြီး သေမတတ် ဖြစ်နေကြပါသည်။

ထိုအချိန်၌ တန်ခိုးရှင် ရသေ့ကြီးသည် ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် လောကကြီးကို ကြည့်လေသော် ထိုလှည်းကုန်သည် ငါးရာတို့ ရေအခက်အခဲကြောင့် နွားတွေရော လူတွေပါ သေရတော့မည့်အရေးကို မြင်တွေ့ခဲ့လို့ ကရုဏာသက်ခဲ့လေသည်။

ထိုအချိန်တွင် ရသေ့ကြီးသည် မိမိတန်ခိုးကို မိမိတစ်ဦးတည်း အသုံးမချဘဲ အများကောင်းကျိုးအတွက် မေတ္တာကရုဏာသက်ကာ အသုံးချခဲ့လေသည်။ ရသေ့ကြီးက “ဂင်္ဂါမြစ်ရေသည် လှည်းငါးရာတို့ ရောက်ရှိရပ်ထားသည့် သဲကန္တာရ ခရီးကြမ်းထဲသို့ တစ်ဟုန်ထိုး စီးဆင်း ဝင်ရောက်သွားပါစေသတည်း”ဟု အဘိညာဏ်တန်ခိုးဖြင့် အဓိဋ္ဌာန်လိုက်ပါသည်။ ဗကအဌကထာ၌ကား အနီးနားမှာ တောအုပ်ကြီးတစ်ခုလည်း ဖန်ဆင်းပေးသည်ဟု လာပါသည်။

ထိုအချန်မှာ သေမတတ် ရေပြတ်နေသည့် လှည်းအစီးငါးရာ၊ လူငါးရာ၊ နွားအကောင်ရေတစ်ထောင်တို့သည် အသက်တစ်ဖန် ပြန်လည်ဆက်ကာ ချမ်းသာရရသွားခဲ့ဘူးပါသည်။ (ရေသည် သတ္တဝါတို့၏ အသက်ပါတကား)။

ထိုရသေ့ကြီးသည် ထိုဘဝမှ စုတေခဲ့သော် ဗြဟ္မာ့ပြည်သို့ရောက်ခဲ့သည်။ ဒို့ ဘုရားလက်ထက်တွင် တန်ခိုးအလွန်ကြီးမားသော အားလုံးသက်ရှိသက်မဲ့ သင်္ခါရတွေကို နိစ္စ ဓုဝ သဿတဟုအယူသီးနေသော တန်ခိုးရှင် ဗကဗြဟ္မာကြီးဖြစ်လာခဲ့ကြောင်း၊ ဘုရားရှင်နှင့် တန်ခိုးပြိုင်ကြောင်း၊ နတ်ပြည်ခြောက်ထပ် ဗြဟ္မာ့ပြည် နှစ်ဆယ် နေရာတွေတက်ပြီး သူ့ကိုယ်သူ မြုပ်နှံလောက်ဖန်ဆင်းကာ သမုဒ္ဒရာရေထဲ အနက်ဆုံးနေရာရောက်အောင် ဝင်ရောက်ပုန်းကြောင်း၊ ဘုရားရှင်က သိမြင်တော်မူသောကြောင့် အရှုံးပေးခဲ့ရကြောင်း တွေ့ရှိခဲ့ရလေသည်။

ဘုရားရှင်ကတော့ ဗြဟ္မာကြီး၏ မျက်ခုံးမွေးပေါ် ပရိက္ခရာရှစ်ပါးလွယ်ပြီး စင်္ကြံလျှောက်နေ၏။ ဗြဟ္မာကြီးက ရှာမတွေ့သဖြင့် ဘုရားရှင်အားအရှုံးပေးပြီး ဘုရားကို ကိုးကွယ်ဆည်းကပ်သွားခဲ့ကြောင်း ဗကဗြဟ္မာသုတ်၌ ဟောကြားသည်ကို တွေ့ရပါသည်။

ဤသို့ ဇကဗြဟ္မာကြီး ဘုရားကလွဲလျှင် သူလောက်တန်ခိုးကြီးသူ မရှိခြင်းမှာ လူငါးရာ၊ နွား ကောင်ရေတစ်ထောင်တို့ကို အသက်ဆက်ပေးခဲ့ရသော ရေအကျိုးဖြစ်ကြောင်း သိဖို့ဖြစ်ပါသည်။

**(သံ-ဗကဗြဟ္မာသုတ် ၁၄၅၊ ဗကဇာတက သတ္တက နိပါတအဋ္ဌကထာ နှာ ၃၅၈)**

## ရေသောက်မရ ပြိတ္တာမ

ဗုဒ္ဓလက်ထက်တုံးက အမျိုးသမီးတစ်ဦး သေလွန်ခဲ့ရာ ပြိတ္တာမဘဝရောက်သွားခဲ့သည်။ ဂင်္ဂါ မြစ်ကမ်းနား ရှင်ရေဝတရဟန္တာအရှင်မြတ် တရားချမ်းသာနှင့် ပျော်မွေ့နေရာ အထက်ပါ ပြိတ္တာမက သူ မစားရ မသောက်ရဖြစ်နေပါကြောင်း သံဃာတော်များအား ရေလှူပြီး အမျှအတန်းပေးဝေပေးပါ ရန် ရှင်ရေဝတအား လျှောက်ထားတောင်းပန်ရာ ရှင်ရေဝတ ရဟန္တာအရှင်မြတ်က 'အထာ ယသ္မာ ရေဝတော တံ ပေတိံ ဥဒ္ဒိဿ ဘိက္ခုသံဃဿ ပါနီယံ အဒါသိ ' အရှင်ရေဝတမထေရ်က ထိုပြိတ္တာမ ကြီးအား ရည်မှန်း၍ ရဟန်းသံဃာတော်များအား ရေလှူပြီး အမျှပေးဝေသည်နှင့် တစ်ပြိုင်နက် 'တေနေဝဿာ ပေတ္တိယာ ဒိဗ္ဗသမ္ပတ္တိယော အဟေသုံ'ထိုရေအလှူဒါန အမျှရသောကြောင့် ထိုပြိတ္တာ မကြီးအား နတ်စည်းစိမ်များဖြစ်ပေါ်ပြောင်းရွှေ့ ခံစားရကြောင်း လာရှိပြန်ပါသည်။

(ပေတဝတ္ထု ဋ္ဌ- ၁၃၄)

ဤသို့ အထက်ပါသက်သေသာဓက ဝတ္ထုများကို ထောက်ထား၍ ရေလှူဒါန်းကြသော ဥဒက ဒါနအလှူရှင်များမှာ ဤကဲ့သို့ ကောင်းကျိုးချမ်းသာ အဆင့်ဆင့် ပေးစွမ်းနိုင်ကြောင်း၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာ ရရှိနိုင်ကြောင်း ယုံကြည်မှု သဒ္ဓါတရား ခိုင်မြဲစေရန် ရေးသားတင်ပြ အပ်ပါ သတည်း။

**ရေနံချောင်းဆရာတော် ဦးဇနိတ**

### ရေအကျိုး (၁၇)မျိုးလင်္ကာ

သန့်ရှင်းကျော်စော၊ ချွေရံပေါ၍၊ ပေါ့ပါးလျှင်မြန်၊ ဆာလောင်ပြန်ကင်း၊ သက်ရှည်ခြင်းနှင့်၊ အဆင်းလှပ၊ ချမ်းသာရလျှက်၊ ဗလပညာ၊ ကျိုးဆယ်ဖြာတွင်၊ သစ်ပင်တောင်ဖျား၊ ရောက်နေငြား လည်း၊ မရှားစေရ၊ တောင့်တမိုးရွာ၊ ပူဆာကင်းစွာ၊ ကိုယ်မှ ကြိုင်လှိုင်၊ ရနိုင်နတ်လူ၊ ချမ်းသာယူ၍၊ဆုံးမူ နိဗ္ဗာန်၊ ရောက်ကြောင်းမှန်ဟု၊ ပါဒါန်ကျမ်းလာ၊ ခုနစ်ဖြစ်ကျိုးဖြည့်၊ ဆယ့်ခွန်ရှိ၊ ရ၏ ရေလှူကျိုးများတည်း။

# ချမ်းသာစေကြောင်း နည်းလမ်းကောင်း

ရေနံ့ချောင်းဆရာတော်

ယနေ့ ကမ္ဘာပေါ်ရှိ လူသားတို့သည် ဘာကို အလိုရှိကြဆုံးလဲဟု မေးခဲ့လျှင် ချမ်းသာသုခကိုသာ လိုလားကြသည်လို့ ပြောရမှာဖြစ်ပါသည်။ ဒါ့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက "ချမ်းသာသုခ၊ တစ်ခုမျှဩ၊ လောကအထု၊ အကုန်ခုဍ်၊ ပုပုရွရွ၊ မြင်သမျှသည်၊ သုခဘို့ချည်း၊ လုံ့လသည်း၏ "ဟု လူတို့၏ သဘာဝကို ဖေါ်ထုတ်မှတ်သားလင်္ကာထားခဲ့ပါသည်။

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ ဆိုသည့်အတိုင်း ဗုဒ္ဓရှင်တော်ဘုရားတို့ ပွင့်လာခြင်းသည် သတ္တဝါအားလုံးတို့ ချမ်းသာဖို့ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် ချမ်းသာဖို့အကြောင်း နည်းလမ်းကောင်းတို့ကို ပြည့်စုံစွာ ညွှန်ကြားခဲ့သည့် ဆရာတစ်ဆူဖြစ်ပါသည်။

ရောဂါရှိနေသူတစ်ဦးသည် ဆရာဝန်ညွှန်ကြားသည့်အတိုင်း လိုက်နာမှသာလျှင် ရောဂါပျောက်ပြီး ချမ်းသာမှာ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် လောကလူသားအားလုံးတို့ရဲ့ ဆင်းရဲဒုက္ခဝေဒနာ ကင်းပျောက်ပြီး ချမ်းသာရာရောက်ဖို့ ညွှန်ကြားပေးနေသည့် မဟာဘိသက္က လို့ခေါ်ရသည့် အတုမရှိသည့် သမားတော်ကြီးတစ်ဆူ ဖြစ်ပါသည်။

သာမန်လောကီချမ်းသာ မဆိုထားနှင့် အမြင့်မြတ်ဆုံးဖြစ်တဲ့ အမြိုက်ရသာ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်စေနိုင်တဲ့ နည်းလမ်းများကိုတောင် ညွှန်ကြားပေးနိုင်တဲ့ ဆရာတစ်ဆူ ဖြစ်ပါသည်။ ရောဂါပျောက်လိုလျှင် ဆေးသောက်ရသလို ချမ်းသာလိုလျှင်လည်း ချမ်းသာကြောင်းတို့ကို နည်းမှန်လမ်းမှန် ကေန်လိုက်နာ ကျင့်ရမှာဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် လူသားတို့၏ ချမ်းသာပျော်ရွှင်မှုကို လျစ်လျူရှုမထားခဲ့ပေ။ လူအချင်းချင်း ညီညွတ်မျှတစွာ လူမှုကိစ္စ အဝဝတို့ကို အမြတ်တနိုးထားကာ အဆင့်မှီမှီ တန်ဘိုးပြည့်ပြည့်ဝဝ စုံစုံလင်လင် ညွှန်ကြားတော်မူခဲ့ပါသည်။

ထိုသို့ ညွှန်ကြားရာတွင်လည်း မည်သို့ပင်ဖြစ်ဖြစ် ချမ်းသာလျှင် ပြီးရောဆိုသည့် မိစ္ဆာဇီဝ မတရားနည်းဖြင့်ရသော စည်းစိမ်ဥစ္စာကို မလိုလားခဲ့ပါ။ မြတ်ဗုဒ္ဓ၏ မဟာကရုဏာတော်ကြီးကို အလွန်မှပင် ကြည်ညိုလေးစားထိုက်လှပါသည်။ သတ္တဝါတိုင်း ဆင်းရဲမည်ကို မလိုလားခဲ့ပါဘူး။ စီးပွားရှာရာမှာပင် အပြစ်ကင်းအောင် ရှာဖွေကြရန် နည်းပေးခဲ့တာဖြစ်ပါသည်။ အပြစ်ကင်းသည့် ချမ်းသာကမှ တန်ဘိုးကြီးကြောင်း ကျောင်းဒကာကြီး အနာထပိဏ်နှင့် ကောလိယ မင်းသားတို့အား ညွှန်ကြားခဲ့တာ တွေ့ရှိရပါသည်။

တစ်ခါတုံးက ကျောင်းဒကာကြီးအား ၁။ အတ္ထိသုခ–ပစ္စည်းရှိသည့်ချမ်းသာ၊ ၂။ဘောဂသုခ –ခံစားရသည့် ချမ်းသာ၊ ၃။အာနဏျသုခ–ကြွေးကင်းသည့်ချမ်းသာ ၊ အနဝဇ္ဇသုခ – အပြစ်ကင်းသည့်ချမ်းသာ ဟု ချမ်းသာလေးမျိုး ဟောခဲ့ပါသည်။ ဤလေးမျိုးတို့တွင်ရှေ့ချမ်းသာ သုံးမျိုးတို့သည် နောက်ဆုံး အပြစ်ကင်းသည့် ချမ်းသာ၏ တန်ဘိုးကို ဘယ်လိုမှ လိုက်၍မမှီနိုင်ကြောင်းများကို အကျယ်တဝင့် ညွှန်ကြားခဲ့ပါသည်။

ဗျူဂ္ဃပဇ္ဇအနွယ်ဖြစ်သော ကောလိယမင်းသားအားလည်း ၁။ မည်သည့်အသက်မွေးမှု လုပ်ငန်းကိုမဆို တရားနှင့်အညီ ထကြွလုံ့လဝီရိယရှိရခြင်း။ ၂။ကိုယ်တိုင် တရားနှင့်အညီ ရှာဖွေခဲ့ရသော ဥစ္စာများကို မကုန်အောင် စောင့်ရှောက်မှုရှိရခြင်း။ ၃။ မည်သည့်အရပ်မှာ နေနေ သစ္စာရှိမည့် မိတ်ဆွေကောင်း ရှိရခြင်း။ ၄။ ဝင်ငွေထွက်ငွေကို မျှတအောင် အသက်မွေးနိုင်စွမ်းရှိရခြင်း ဆိုတဲ့ ယခု ပစ္စုပ္ပန် ချမ်းသာကြောင်းများကို ညွှန်ကြားခဲ့ပါသည်။

"မိန်းမလိုက်စား၊ လောင်းကစားနှင့်၊ သောက်စားမူးယစ်၊ လူညစ်ကျွမ်းဝင်၊ မရှိလျှင်မူ၊ စည်ပင်ဥစ္စာ၊ လွန်များစွာ၏ "ဆိုသည့် အတိုင်း စည်းမဲ့ကမ်းမဲ့ မပြုလုပ်ပဲ မိုးကြီးသည်းသည်း မည်းမည်း ရွာချိန်တွင် ဝင်ပေါက်ဖွင့်ခါ ထွက်ပေါက်ပိတ်ထားသည့် ရေကန်ကြီးပမာ ဖြစ်လေအောင် အတိုင်းအတာကို သိပြီး အသက်မွေးရမည်ဟု ဤဘဝချမ်းသာကို ညွှန်ကြားခဲ့ပါသည်။

နောက်တစ်ဖန် သံသရာဘဝ ချမ်းသာကြောင်းဖြစ်သည့် ၁။ရတနာသုံးတန် ကံကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရား။ ၂။ လူသားပီပီ ကိုယ်ချမ်းသာတရား ပြည့်ဝ၍ ကိုယ်နှုတ်စိတ် စင်ကြယ်မှု သီလ။ ၃။ဒါနအကျိုးသိမြင်တဲ့ ဉာဏ်နှင့် ရက်ရောစွာ စွန့်ကြဲမှု စာဂ။ ၄။ကုသိုလ်ပြုစဉ် တစ်ခဏ ဘဝတွေကို တွယ်တာမှု ကင်းစေမည့် ဉာဏ်ပညာတို့ ရှိရမှာဖြစ်ကြောင်းကိုလည်း ညွှန်ကြားခဲ့ပါသည်။

မြတ်ဗုဒ္ဓသည် လူသားတိုင်းတို့အတွက် ယခု ပစ္စုပ္ပန် တစ်ဘဝသာမက နောင်သံသရာအဆက်ဆက် အရှည်ကြည့်လျှင် ချမ်းသာစေလိုကြောင်း အထက်ပါ ညွှန်ကြားချက်အရ သိနိုင်ပါသည်။

လူတို့၏ ကိုယ်ရောစိတ်ပါ ချမ်းသာပျော်ရွှင်ရေးတို့ကို အထူးပင် လိုလားတော်မူပါသည်။ သို့ရာတွင် မည်သည့်ချမ်းသာမှုမျိုးကိုမဆို အပြစ်မကင်းပါလျှင် တစ်ဘဝတစ်နပ်စာ တစ်ခဏသာ ချမ်းသာ၍ နောင်သံသရာတွင် အရှည်သဖြင့် ဆင်းရဲမှာဖြစ်သောကြောင့် အသိအမှတ်ပြုပြီး ချီးမွမ်းတော်မူသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အခုရော နောင်ပါ ချမ်းသာလိုကြသော သူတော်ကောင်းအပေါင်းတို့သည် မြတ်ဗုဒ္ဓ၏ ချမ်းသာကြောင်းများစွာ ဟောခဲ့ရာမှ တစ်စိတ်တစ်ဒေသ အနည်းငယ် မျှကိုသာ တင်ပြရင်း ချမ်းသာရန်အကြောင်း နည်းလမ်းကောင်းများကို ဗုဒ္ဓအလိုတော်ကျဖြစ်အောင် ကြိုးစားရှာဖွေ နိုင်ကြပါစေ။ ကြိုးစားရှာဖွေပြီး ပျော်ရွှင်မှုသုခကို သုံးဆောင်ခံစားနိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါသတည်း။

ရေနံချောင်းဆရာတော်

**ပစ္စုပ္ပန် ကြီးပွားချမ်းသာကြောင်း(၄)ပါး**

၁။ဥဋ္ဌာနသမ္ပဒါ–ထက်မြက်သောလုံ့လဝီရိယစွမ်းအားနှင့်ပြည့်စုံရခြင်း။
၂။အာရက္ခသမ္ပဒါ–ရရှိလာသော စည်းပွားဥစ္စာများကို အလေ့အလွင့်မရှိအောင် စောင့်ရှောက်ခြင်း။
၃။သမဇီဝိတသမ္ပဒါ–ဝင်ငွေထွက်ငွေ မျှတအောင်သုံးစွဲတတ်ရခြင်း။
၄။ကလျာဏမိတ္တသမ္ပဒါ–သစ္စာရှိစွာ ကူညီတတ်သော မိတ်ကောင်းဆွေကောင်းရှိရခြင်း။
ဆောင်ပုဒ်–ထကြွ သိမ်းဆည်း၊ မျှသုံးစွဲ၊ ပေါင်းမြဲမိတ်ဆွေကောင်း။

# သတ္တဋ္ဌာန ဘုရားရှိခိုး

**၁။** ဘုန်းရောင်ထွန်းထိန်၊စောမုနိန် ၊ပညိန္ဒြေ၊ ခြွေရာမှန်ဘိ၊ ဗောဓိကြငှန်း၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်းအံ့လောက် ၊ မြေမှပေါက်သား ၊ ရောင် တောက်မှန်လျှင် ၊ ရွှေပလ္လင်ထက် ၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီ၊ သတ္တာဟရက်၊ ဖွဲ့ခွေလျှက်ပင်၊ ငြိမ် သက်တင့်တယ်၊ သုံးစံပယ်သည်၊ ဘုန်းကြွယ် လက်ဦး၊ ဘွဲ့ပေကိုး။ (ပထမသတ္တာဟ)

၂။ နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရ– ပယ်လှန်၊ပလ္လင်ပုံမှ၊ ဧသန်တူရှု ရပ်တော်မူလျှက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်း စက္ခု၊ စိမ့်စိမ့်ရှုလျှက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရှင် သည်၊ ကြည်လင်ညွှတ်နူး၊ ဘွဲ့ပေကိုး။ (ဒုတိယသတ္တာဟ)

၃။သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတုံ့ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစား သည်၊ တရားဆင်ခြင်လျှက်ပေကိုး။ (တတိယသတ္တာဟ)

၄။ လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိ ပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက်မြောက် ဝယ်၊ အံ့လောက်ဘွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေ အိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ သုံးဆင်ခြင်သည်၊ ရောင်ရှင်ခြောက် ဖြာ၊ ညီးလို့ကိုး။ (စတုတ္ထသတ္တာဟ)

၅။ ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိ ပင်မှ၊ ရှေ့ခွင်ပြဖွာ ၊ ရပ်ဒိသာဝယ်၊ ကြီးစွာမြင့် ခေါင်၊ ဆိတ်ကျောင်းညောင်၌၊ ဘုန်းခေါင်ပရမေ၊ စံပယ်နေသည် ၊ ရှိသေမြတ်နိုး၊ ဘွဲ့ပေကိုး။

၆။ခြောက်ကြိမ်မြောက်ထ၊သတ္တာဟတွင်၊ဗောဓိပင် မှ၊ပလ္လင်ရွှေညောင်၊ အရှေ့တောင်မှ၊ မြရောင်လို ရေညိုပြည့်လျှမ်း၊ ကြာပန်းညွှတ်ရုံ၊ ပန်းမျိုးစုံသည် မုစ္စလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလူ့ဆွေ၊ စံပယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်ချခြင်းကြောင့်၊ မြွေမင်းရဟန်း၊ ပါးပြင်းဖြန့် လျှက်၊ ချီးအုံတန်ခိုး ၊ ဆောင်းကာမိုးသည်၊ ရှေး ကျိုး သမ္ဘာတော်ကြောင့်ကို။(ဆဋ္ဌမသတ္တာဟ)

၇။ ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ ၊ တောင်ပြင်လက်ျာ၊ မြေမျက်နှာ၌ ၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်းပင်၌ ၊ သဗ္ဗညုဖျား ၊ ပျော်စံစားသည်၊ ကြီးမားဉာဏ်တော်၊ ပွင့်လို့ကို။

၈။ ထိုခုနစ်ပါး၊ အရပ်များကို၊ ရှေ့သွားသခွါ၊ ကြည်ညိုစွာဖြင့်၊ ဝန္ဒနာမာန၊ ဂါရဝဖြင့်၊ ဦးချညွှတ် ကျိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း၊ ကြွယ် စေသော်။

ဤသည့်ပုည၊ ကုသလကြောင့်၊ အမတ– ခေမံ၊ ပြည်နိဗ္ဗာန်သို့၊ ဧကန်ထုတ်ချောက်၊ ရောက် စေသော်။

အမတခေမံ၊ ပြည်နိဗ္ဗာန်သို့၊ ဧကန်ထုတ် ချောက်၊ မရောက်သေးငြား၊ ဘဝများစွာ၊ ဖြစ်သော ခါဝယ်၊ အကုသိုလ်ဆယ်ပါး၊ မပွားဒု စရိုက်၊ကိုယ် ၌မီးကြီး၊ ဖျက်ဆီးတတ်ငြား၊ ဤသုံးပါးကို၊ရှောင် ရှားကျဉ်ဖဲ၊ ဆက်တိုင်းလွဲ၍၊ စွန့်ရှဲပစ်ခွာနိုင်စေ သော်။

အမတခေမံ – မသေရာမှန် မြတ်နိဗ္ဗာန်။
ဤသုံးပါး –လောဘ၊ဒေါသ၊မောဟသုံးပါး။

ကုသိုလ်ဆယ်ပါး၊ တရားသုစရိတ၊ သတ္တအကျော်၊ခုနစ်ဖော်နှင့်၊သူတော်ဥစ္စာ၊ မှန်စွာတရား၊ ရှစ်ပါးမဂ္ဂင်၊ မြပင်စွဲနေ၊ မသွေဥပါယ်၊ သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာကို၊ မကွာကိုယ်၌၊ မြဲစေသော်။

ဘုန်းသမ္ဘာနှင့်၊ ပညာပြည့်စုံ၊ ကုံလုံဥစ္စာ၊ လှူဒါဝေငှ၊ ဒသပါရမီ၊ အညီဖြည့်စွမ်း၊ နိဗ္ဗာန်နန်းကို၊ တန်းတန်းမတ်မတ်၊ မချွတ်လျှင်ဆော၊ရောက်စေသော်။

အမျိုးကောင်းသား၊ ကျော်ထင်ရှားလျှက်၊ ယောက်ျားစင်စစ်၊ ဆက်ဆိုင်းဖြစ်၍၊ အဖြစ်များစွာ၊ ငါးဖြာရန်သူ၊ မပြုဝံ့ရှောင်း၊ သူတော်ကောင်းနှင့်၊ အလောင်းတကာ၊ တောင်းကုန်ရာသား၊ ပတ္တနာဆု၊ အာယုဝဏ္ဏ၊ သုခဗလ၊ ပဋိဘာဏ၊ ဘဝမခြား၊ ဆယ့်လေးပါးနှင့်၊ ငြားစေသော်။

## ဘယ်သူပြိုင်ပြိုင်နိုင်ချင်သလား

အလှူဒါန ပြုကြကိုယ်တိုင်၊
လူချင်းနတ်ချင်း၊ ဗြဟ္မာချင်း ယှဉ်ပြိုင်၊
အောက်ကျနောက်ကျ၊ မရောက်ရပါနိုင်၊
သက်ရှည်ချင်း၊ ပြိုင်လျှင်း ကိုယ်ကနိုင်၊
ဆင်းလှချင်း၊ ပြိုင်လျှင်း ကိုယ်ကနိုင်၊
ချမ်းသာချင်း၊ ပြိုင်လျှင်း ကိုယ်ကနိုင်၊
ခွန်အားချင်း ၊ ပြိုင်လျှင်း ကိုယ်ကနိုင်၊
သိဉာဏ်ချင်း၊ ပြိုင်လျှင်း ကိုယ်ကနိုင်။

**သူတော်ကောင်းစာတတ်၊ တရားမြတ်၊ လွှမ်းပတ်**
**ကမ္ဘာ တည်စေသော်၊ သာသနာလမင်း၊**
**ကမ္ဘာတွင်း၊ ထွန်းလင်းအေးမြပါစေသော်၊**

## တရားပြသူများ

၁။ ကလေးလေးက၊ မြတ်ဓမ္မ၊ဟောပြနေ့တိုင်းသာ၊ ကျွန်ုပ်လိုပဲ၊ သင်တို့လည်း၊ ဖြစ်မြဲဓမ္မတာ၊ ဇာတိလွတ်ရေး၊ မျှော်ထောက်တွေး၊ မနှေးကျင့်ကြပါ။

၂။ သူအိုကြီးက၊ မြတ်ဓမ္မ၊ ဟောပြနေ့တိုင်းသာ၊ ကျွန်ုပ်လိုပဲ၊ သင်တို့လည်း၊ အိုမြဲဓမ္မတာ၊ မအိုခင်က၊ ကုသလ၊ ပြုကြဖန်ခါခါ၊ အိုဘေးလွတ်ရေး၊ မျှော်ထောက်တွေး၊ မနှေးကျင့်ကြပါ။

၃။ သူနာကြီးက၊ မြတ်ဓမ္မ၊ ဟောပြနေ့တိုင်းသာ၊ ကျွန်ုပ်လိုပဲ၊ သင်တို့လည်း၊ နာမြဲဓမ္မတာ၊ မနာခင်က၊ ကုသလ၊ ပြုကြဖန်ခါခါ၊ နာဘေး–လွတ်ရေး၊ မျှော်ထောက်တွေး၊ မနှေးကျင့်ကြပါ။

၄။ သူသေကြီးက၊ မြတ်ဓမ္မ၊ ဟောပြနေ့တိုင်းသာ၊ ကျွန်ုပ်လိုပဲ၊ သင်တို့လဲ၊ သေမြဲဓမ္မတာ၊ မသေခင်က၊ ကုသလ၊ ပြုကြဖန်ခါခါ၊ နာဘေး–လွတ်ရေး၊ မျှော်ထောက်တွေး၊ မနှေးကျင့်ကြပါ။

၅။ အကျဉ်းသမားက၊ မြတ်ဓမ္မ၊ ဟောပြတွေ့တိုင်းသာ၊သံသရာဝဋ်ထဲ၊ အနေမြဲ၊ မလွဲတွေ့ဦးမှာ၊ မနှောင်ခင်က၊ ကုသလ၊ ပြုကြဖန်ခါခါ၊ နှောင်ဖွဲ့လွတ်ရေး၊ မျှော်ထောက်တွေး၊ မနှေးကျင့်ကြပါ။

အိုနာသေသို့၊ မောင်းနှင်ပို့၊ လူတို့မမြဲပါတကား၊ ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ ထားကာသွားရမှာပါတကား၊ တကယ့်အရေး၊ တကယ့်ဘေး၊ ဘယ်သွေးဘယ်သား မကယ်နိုင်ပါတကား။

## သတ္တဋ္ဌာန ဘုရားရှိခိုး

**၁။** ဘုန်းရောင်ထွန်းထိန်၊စောမုနိန် ၊ပညီမြွေ၊ ခြွေရာမှန်ဘိ၊ ဗောဓိကြငှန်း၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်းအံ့လောက် ၊ မြေမှပေါက်သား ၊ ရောင်တောက်မှန်လျှင် ၊ ရွှေပလ္လင်ထက် ၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီ၊ သတ္တာဟရက်၊ ဖွဲ့ခွေလျှက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစံပယ်သည်၊ ဘုန်းကြွယ်လက်ဦး၊ ဘွဲ့ပေကို။ (ပထမသတ္တာဟ)

၂။ နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရ–ပယ်လှန်၊ပလ္လင်ပျံမှ၊ သေနတ်ရှု ရပ်တော်မူလျှက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိမ့်စိမ့်ရှုလျှက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရှင်သည်၊ ကြည်လင်ညွတ်နူး၊ ဘွဲ့ပေကို။
(ဒုတိယသတ္တာဟ)

၃။သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလာတုံ့ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစားသည်၊ တရားဆင်ခြင်လျှက်ပေကို။
(တတိယသတ္တာဟ)

၄။ လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဘွယ်ရာ၊ ရတနာရိပ်ငြိမ်၊ စံရွှေအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ သုံးဆင်ခြင်သည်၊ ရောင်ရှင်ခြောက်ဖြာ၊ ညီးလို့ကို။ (စတုတ္ထသတ္တာဟ)

၅။ ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြဖ္ဗာ ၊ ရပ်ဒိသာဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်းညောင်၌၊ ဘုန်းခေါင်ပရမေ၊ စံပယ်နေသည် ၊ ရှုသေမြတ်နိုး၊ ဘွဲ့ပေကို။

၆။ ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့တောင်မှ၊ မြရောင်လိုလို၊ ရေညိုပြည့်လျှမ်း၊ ကြာပန်းညွတ်ရုံ၊ ပန်းမျိုးစုံသည် မုစ္စလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလူ့ဆွေ၊ စံပယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်ချခြင်းကြောင့်၊ မြွေမင်းရဟန်း၊ ပါးပြင်းဖြန့်လျှက်၊ ချီးအံ့တန်ခိုး ၊ ဆောင်းကာမိုးသည်၊ ရှေးကျိုး သမ္မာတော်ကြောင့်ကို။(ဆဋ္ဌမသတ္တာဟ)

၇။ ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ ၊ တောင်ပြင်လက်ျာ၊ မြေမျက်နှာ၌ ၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်းပင်၌ ၊ သဗ္ဗညုဖျား ၊ ပျော်စံစားသည်၊ ကြီးမားဉာဏ်တော်၊ ပွင့်လို့ကို။

၈။ ထိုခုနစ်ပါး၊ အရပ်များကို၊ ရှေ့သွားသဒ္ဓါ၊ ကြည်ညိုစွာဖြင့်၊ ဝန္ဒနာမာန၊ ဂါရဝဖြင့်၊ ဦးချညွတ်ကျိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း၊ ကြွယ်စေသော်။

ဤသည့်ပုည၊ ကုသလကြောင့်၊ အမတ–ခေမံ၊ ပြည်နိဗ္ဗာန်သို့၊ ဧကန်ထုတ်ချောက်၊ ရောက်စေသော်။

အမတခေမံ၊ ပြည်နိဗ္ဗာန်သို့၊ ဧကန်ထုတ်ချောက်၊ မရောက်သေးငြား၊ ဘဝများစွာ၊ ဖြစ်သောခါဝယ်၊ အကုသိုလ်ဆယ်ပါး၊ မပွားဒုစရိုက်၊ကိုယ်၌မီးကြီး၊ ဖျက်ဆီးတတ်ငြား၊ ဤသုံးပါးကို၊ရှောင်ရှားကျဉ်ဖဲ၊ ဆက်တိုင်းလွဲ၍၊ စွန့်ရှဲပစ်ခွာနိုင်စေသော်။

အမတခေမံ – မသေရာမှန် မြတ်နိဗ္ဗာန်။
ဤသုံးပါး –လောဘ၊ဒေါသ၊မောဟသုံးပါး။

ကုသိုလ်ဆယ်ပါး၊ တရားသုစရိတ၊ သတ္တ
အကျော်၊ခုနစ်ဖော်နှင့်၊သူတော်ဥစ္စာ၊ မှန်စွာတရား၊
ရှစ်ပါးမဂ္ဂင်၊ မြပင်စွဲနေ၊ မသွေဉပါယ်၊ သုံးဆယ့်
ရှစ်ဖြာ၊ မင်္ဂလာကို၊ မကွာကိုယ်၌၊ မြဲစေသော်။

ဘုန်းသမ္ဘာနှင့်၊ ပညာပြည့်စုံ၊ ကုံလုံဥစ္စာ၊
လှူဒါဝေငှ၊ ဒသပါရမီ၊ အညီဖြည့်စွမ်း၊ နိဗ္ဗာန်နန်း
ကို၊ တန်းတန်းမတ်မတ်၊ မချွတ်လျှင်ဆော၊ရောက်
စေသော်။

အမျိုးကောင်းသား၊ ကျော်ထင်ရှားလျှက်၊
ယောကျာ်းစင်စစ်၊ ဆက်ဆိုင်းဖြစ်၍၊ အဖြစ်များ
စွာ၊ ငါးဖြာရန်သူ၊ မပြုဝံ့ရှောင်း၊ သူတော်ကောင်း
နှင့်၊ အလောင်းတကာ၊ တောင်းကုန်ရာသား၊ ပတ္ထ
နာဆု၊ အာယုဝဏ္ဏ၊ သုခဗလ၊ ပဋိဘာဏ၊ ဘဝမ
ခြား၊ ဆယ့်လေးပါးနှင့်၊ ငြားစေသော်။

## ဘယ်သူပြိုင်ပြိုင်နိုင်ချင်သလား

အလှူဒါန ပြုကြကိုယ်တိုင်၊
လူချင်းနတ်ချင်း၊ ဗြဟ္မာချင်း ယှဉ်ပြိုင်၊
အောက်ကျနောက်ကျ၊ မရောက်ရပါနိုင်၊
သက်ရှည်ချင်း၊ ပြိုင်လျှင်း ကိုယ်ကနိုင်၊
ဆင်းလှချင်း၊ ပြိုင်လျှင်း ကိုယ်ကနိုင်၊
ချမ်းသာချင်း၊ ပြိုင်လျှင်း ကိုယ်ကနိုင်၊
ခွန်အားချင်း ၊ ပြိုင်လျှင်း ကိုယ်ကနိုင်၊
သိဉာဏ်ချင်း၊ ပြိုင်လျှင်း ကိုယ်ကနိုင်။

**သူတော်ကောင်းဓာတ်၊ တရားမြတ်၊ လွှမ်းပတ်
ကမ္ဘာ တည်စေသော်၊ သာသနာ လမင်း၊
ကမ္ဘာတွင်း၊ ထွန်းလင်းအေးမြပါစေသော်၊**

## တရားပြသူများ

၁။ ကလေးလေးက၊ မြတ်ဓမ္မ၊ဟောပြနေ့တိုင်း
သာ၊ ကျွန်ုပ်လိုပဲ၊ သင်တို့လည်း၊ ဖြစ်မြဲဓမ္မတာ၊
ဇာတိလွတ်ရေး၊ မျှော်ထောက်တွေး၊ မနှေးကျင့်–
ကြပါ။

၂။ သူအိုကြီးက၊ မြတ်ဓမ္မ၊ ဟောပြနေ့တိုင်း
သာ၊ ကျွန်ုပ်လိုပဲ၊ သင်တို့လည်း၊ အိုမြဲဓမ္မတာ၊
မအိုခင်က၊ ကုသလ၊ ပြုကြဖန်ခါခါ၊ အိုဘေးလွတ်
ရေး၊ မျှော်ထောက်တွေး၊ မနှေးကျင့်ကြပါ။

၃။ သူနာကြီးက၊ မြတ်ဓမ္မ၊ ဟောပြနေ့တိုင်း
သာ၊ ကျွန်ုပ်လိုပဲ၊ သင်တို့လည်း၊ နာမြဲဓမ္မတာ၊
မနာခင်က၊ ကုသလ၊ ပြုကြဖန်ခါခါ၊ နာဘေး–
လွတ်ရေး၊ မျှော်ထောက်တွေး၊ မနှေးကျင့်ကြပါ။

၄။ သူသေကြီးက၊ မြတ်ဓမ္မ၊ ဟောပြနေ့တိုင်း
သာ၊ ကျွန်ုပ်လိုပဲ၊ သင်တို့လဲ၊ သေမြဲဓမ္မတာ၊
မသေခင်က၊ ကုသလ၊ ပြုကြဖန်ခါခါ၊ နာဘေး–
လွတ်ရေး၊ မျှော်ထောက်တွေး၊ မနှေးကျင့်ကြပါ။

၅။ အကျဉ်းသမားက၊ မြတ်ဓမ္မ၊ ဟောပြတွေ့
တိုင်းသာ၊သံသရာဝဋ်ထဲ၊ အနေမြဲ၊ မလွဲတွေ့ဦးမှာ၊
မနှောင်ခင်က၊ ကုသလ၊ ပြုကြဖန်ခါခါ၊ နှောင်ဖွဲ့
လွတ်ရေး၊ မျှော်ထောက်တွေး၊ မနှေးကျင့်ကြပါ။

အိုနာသေသို့၊ မောင်းနှင်ပို့၊ လူတို့မမြဲပါ–
တကား၊ ကိုယ်ပိုင်ဥစ္စာ၊ မရှိပါ၊ ထားကာသွားရမှာ
ပါတကား၊ တကယ့်အရေး၊ တကယ့်ဘေး၊ ဘယ်
သွေးဘယ်သား မကယ်နိုင်ပါတကား။

## ရေကြည်ချမ်းမြ မိဘမေတ္တာ

**အရှင်ဇဝန (ကုန်းဇောင်း)**

မိဘမေတ္တာတရားကို လူမျိုးတိုင်း၊ ဘာသာတိုင်းက ပုံပန်းသဏ္ဌာန်အမျိုးမျိုးဖြင့် ပုံဖော်ထုဆစ်ကြသည်။ ဖွဲ့ဆိုရေးသားကြသည်။ အယူဝါဒမတူကြသော်လည်း မိဘဟူသည် မိဘဆိုသည်မှာ ဘုရားအစရှိသော သူတော်ကောင်းကြီးများ နှင့် တစ်ဂိုဏ်းတည်းထားကာ ရှိသေကြရန်၊ ကျွေးမွေးပြုစု စောင့်ရှောက်ကြရန်၊ မပစ်မှားကြရန် ဆုံးမသွန်သင်ခဲ့ကြသည်။

စာရေးသူတို့ မြတ်ဗုဒ္ဓသည် မိဘမေတ္တာကို ပုံဖော်ရာ တွင်လည်းကောင်း၊ မိဘကျေးဇူးအထူး တုံ့ပြန်ရာတွင်လည်းကောင်း မည်သူမျှ လိုက်မမှီနိုင်လောက်အောင် ဆောင်ရွက်တော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များက မိဘမေတ္တာကို အထူး နားလည်တတ်ကြသည်။ မိဘကို အထူးရိုသေတတ်ကြသည်။ ကျွေးမွေး ပြုစုတတ်ကြသည်။ ထိုအချက် တစ်ခုတည်းဖြင့်ပင် ဗုဒ္ဓဘာသာဖြစ်ရသည်မှာ တန်ဘိုး မဖြတ်နိုင်လောက်အောင် ရှိလှပါတော့သည်။

ဘုရားရှင်က မိဘမေတ္တာတရားကို အကြိမ်ကြိမ် ဟောကြားတော်မူရာတွင် **"ဗြဟ္မာတိ မာတာ ပိတရော၊ ပုဗ္ဗာစရိယာတိ ဝုစ္စတိ၊ အာဟုနေယျာစ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ"**ဟု ဟောတော်မူခဲ့သော ဂါထာလေးကို ဖြန့်ကျက်–တွေးတောကြည့်စေချင်ပါသည်။

**မာတာပိတရော**–မိဘတို့သည်၊ **ဗြဟ္မာတိ ဗြဟ္မာနာမ**–ဗြဟ္မာကြီးတွေနဲ့တူလို့ ဗြဟ္မာအမည်ရကြတယ်ဟု ဟောတော်မူပါသည်။

အဘယ့်ကြောင့်နည်း ၊ ဗြဟ္မာကြီးများ–သည် ဗြဟ္မစိုရ်တရားလေးပါးဖြင့် သတ္တဝါများအပေါ်ဗြဟ္မစိုရ်တရား ပွားများသကဲ့သို့ မိဘများကလည်း သားသမီးများ အပေါ်၌ ဗြဟ္မစိုရ်တရား ပွားများကြသည်သာ။ ဗြဟစိုရ်တရားကို လူတိုင်းသိကြပါသည်။ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခါ တို့တည်း။

မိဘများက သားသမီးများအပေါ်တွင် အစဉ်ထာဝရ ကောင်းစေချင်၊ တော်စေချင်၊ ကြီးပွားချမ်းသာစေချင်ကြပါသည်။ မိခင်ဝမ်း၌ ပဋိသန္ဓေလွယ်ထားရစဉ် သားလေးလား သမီးလေးလား မသိခင်ကပင် ချစ်ခင်မြတ်နိုးမှုတွေ အရှုးအမူးဖြစ်ခဲ့ကြရပါသည် ။ ကောင်းကောင်းမွန်မွန် အဆင်ပြေပြေ မွေးဖွားနိုင်ပါစေ ၊ ကိုယ်လက်အင်္ဂါ စုံစုံလင်လင် လှလှပပလေး မွေးဖွားလာပါစေ၊ ထူး–ချွန်ထက်မြက် လိမ္မာသော သားကောင်းသမီးမွန်လေးမွေးဖွားသန့်စင်ပါစေ စသည်ဖြင့် အထပ်ထပ်ဆုတောင်း မေတ္တာပို့သ ပေးကြရသည်။ မွေးဖွားလာမည့် သားသမီးအတွက် စိတ်ကူးယဉ် အိမ်မက်လှလှလေးများ နေ့စဉ်မက်နေကြရသည်။ သားသား မီးမီးပုံလှလှလေးများ အိမ်တွင် ချိပ်ဆွဲကာ စိတ်ကူးပုံဖေါ် ကြည်နူးဝမ်းသာခဲ့ကြသည်။

မွေးဖွားလာသည်မှ ဘဝတစ်လျှောက်လုံး ကောင်းကျိုးချမ်းသာဖြစ်စေချင်သော မေတ္တာတရားသည် ဗြဟ္မစိုရ်တရားပင်ဖြစ်ပါသည်။ မိဘ–များက သားသမီးများအပေါ်ချစ်ခင်သော ချစ်ခြင်းမေတ္တာတရားသည် ဂေဟဿိတပေမ ( ချစ်ခင်စွဲလန်းမှု တဏှာအနုစား)ဟု ခေါ်ဆိုကြသည်။ သို့သော် မိဘများက သားသမီးတို့အပေါ် ခင်မင်မှုတွယ်တာမှုမပါဘဲ ကောင်းကျိုးလိုလားသောစိတ်သက်သက်သည်ကား မေတ္တာစစ်စစ်ဖြစ်ပါသည်။

မိဘများက သားသမီးများအပေါ်တွင် ဘယ်သောအခါမှ ဆင်းရဲဒုက္ခ မရောက်စေလိုကြပါ။ အကယ်၍ ကျရောက်လာပါကလည်း ဆင်းရဲဒုက္ခကနေ လွတ်မြောက်စေချင်ကြပါသည်။ သားသမီးများ မွေးခါစအရွယ်တွင် နို့ဆာလို့ပဲငိုငို၊ ပူလောင်ခြင်း ချမ်းအေးခြင်းတို့ကြောင့်ပဲငိုငို၊မကျန်းမာလို့ပဲ ငိုငို မိဘများက ပျာယာခတ်အောင်ပင် စိုးရိမ်သောက ရောက်ကြရသည်။

ကလေးကလည်း သူ့လိုချင်တောင့်တမှုနှင့် ခံစားချက်ကို မိဘများကို ပြောမပြနိုင်။ မိဘများကလည်း ကလေး၏ လိုချင်တောင့်တမှုနှင့် ခံစားချက်ကိုမသိ။ မိဘများအနေဖြင့် သားသမီးတို့၏ အရိပ်အကဲကိုကြည့်ကာ "သားလေး ဘယ်လို့ဖြစ်တာလဲသားလေးရယ်၊ တိတ်ပါသားလေးရယ်၊ သားလေးခံစားနေရတာကို ဖေဖေမေမေတို့ပဲခံ–စား လိုက်ချင်ပါတယ်သားလေးရယ်၊ သားလေး အခုလို့ ငိုနေတာကို ဖေဖေ မေမေတို့ မကြည့်ရက်ဘူးသားလေးရယ်" ဟုသာ မှန်းဆချော့မြှူနေကြရပါသည်။

မိသားစုသံယောဇဉ်ကို အကြောင်းပြုကာ စိုးရိမ်သောကဖြစ်ကြရသောကြောင့် ကရုဏာအစစ်မဟုတ် သောကပရိဒေဝ သဘောဟုပညာရှင်များက ဆိုကြပါလိမ့်မည်။ သို့သော် ဆင်းရဲဒုက္ခမှ လွတ်မြောက်စေလိုသောစိတ်ကား ကရုဏာစစ်–စစ်ဖြစ်သည်ကိုကား မည်သူမျှ ငြင်းလို့ မရနိုင်ပါ။ လူမဆိုထားနှင့် တိရစ္ဆာန်လေးများပင် ကိုယ့်သားသမီး ဆင်းရဲဒုက္ခရောက်မှာကို မကြည့်ရက် မမြင်ရက်ကြပါပေ။

တစ်ခါတုန်းက မြို့လေးတစ်မြို့၏ မြို့ပြင်ဘက်မှာ သားသတ်ရုံတစ်ခု ရှိပါသည်။ ယင်းသားသတ်ရုံသို့ သားသတ်သမားများက နွားမကြီးတစ်ကောင်ကို သတ်ဖို့ရန် ဆွဲလာခဲ့ကြသည်။ နွားမ–ကြီး၏နောက်တွင် နွားပေါက်စလေး တစ်ကောင် တန်းလန်းပါလာသည်။ မည်သို့မျှ ခွဲထားခဲ့၍ မရသောကြောင့် နှစ်ကောင်လုံးဝယ်လာခဲ့ခြင်းဖြစ်၏၊ သားသတ်ရုံနား ရောက်ခါနီးသောအခါ နွားမကြီးက သူ့ကိုသတ်မည့်အကြောင်း သိသွားပါသည်။ ထိုအခါ အတင်းပင် ခြေကန်ရုန်းပါတော့သည်။ အတင်းရုန်းကန်လိုက်၍ နဖားကြိုးပေါက်က သွေးများပင် ယိုစီးကျလာပါသည်။ သားသတ်သမားတို့က နဖားကြိုးကို ရှေ့သို့လှန်ချကာ နှာနုပြတ်လောက်အောင် ရှေ့ကနေ ဆွဲပါလေတော့သည်။ နွားမကြီး မျက်ရည်ပေါက်ပေါက် ကျလောက်–အောင် အနာခံရုန်းကန်လိုက်သောအခါ နှာနုပြတ်ထွက်ကာ လွတ်မြောက်သွားပါသည်။ ကျန်ရစ်–နေခဲ့သော နွားပေါက်ကလေးကို အဝေးကနေ တစ်ဘဲဘဲနှင့် လှမ်းခေါ်နေပါသည်။ သားသတ်ရုံဝန်းကျင်တွင် နွားသားမိတို့၏အော်သံများ ဆူညံပွက်သွားခဲ့ပါသည်။ နွားမကြီးက သူ့အသက်ဘေးကနေ လွတ်လွတ်ကျွတ်ကျွတ်ပြေးချင်သော်လည်း နွားပေါက်ကလေးကို ငဲ့ပြီး မပြေးနိုင်ရှာ။ သား–သတ်သမားများ၏ ဖမ်းဆီးခြင်းကိုလည်း မခံ။ အသက်လုပြေးလိုက်၊သားလေးအော်သံကြားတိုင်း ပြန်လှည့်လာလိုက်နှင့် ဗျာများနေပါတော့သည်။

သားသတ်သမားများက နွားမကြီးကိုဖမ်းဖို့ နည်းလမ်း ရသွားပါသည်။ ထို့ကြောင့် နွားလေးကိုဖမ်းကာ ကြိုးများဖြင့် ချိန်းနှောင်ရိုက်ပုတ်ကြလေသည်။ ငယ်သံပါအောင် အော်နေသော သားလေးအသံကို ကြားသောမိခင် နွားမကြီး မပြေးနိုင်ရှာတော့ပါ။ သားလေးရှိရာသို့ အပြေးပြန်လာခဲ့ပါသည်။ သားလေးကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်များ သက်သာခွင့်ရအောင် လျှာဖြင့်လျှက်ပေးရင်း မျက်ရည်ဖြိုင်ဖြိုင် စီးကျနေရှာပါသည်။

နွားသားအမိနှစ်ဦးတို့ ငိုပွဲဆင်နေကြပေမဲ့ သားသတ်သမားများကတော့ သက်ညှာမှု မပေးခဲ့ကြပါ။ ယင်းနေရာမှာပင် ပွဲချင်းပြီး သတ်ဖြတ်လိုက်ကြပါသည်။ ကိုယ့်သားလေး၏ မချိမဆန့် အော်မြည်သံကို မကြားရက်၊ ဆင်းရဲ ဒဏ်ရာဒဏ်ချက်များကို မမြင်ရက်သော နွားမကြီး၏ ကရုဏာသည် အသက်နှင့် ရင်းလိုက်ရသော ကရုဏာဖြစ်ပါသည်။

လူသားမိခင် ဖခင်များသည်ကား သည့်ထက် အဆပေါင်းများစွာ သာလွန်နေမည်ကို မှန်းဆကြည့်ရှုနိုင်ပါသည်။ သာဓကများစွာလည်း ရှိခဲ့ဘူးပါသည်။ ထိုသို့ ကရုဏာကြီးမားမှုကိုပင် ဗြဟ္မာကြီးများနှင့် တင်စားကာ ဘုရားဟောတော်မူခဲ့ခြင်းဖြစ်ပါသည်။

ထူးချွန်ထက်မြက်သော၊ ကြီးပွားတိုးတက်သော သားသမီးများကို မြင်ရသည့်အခါ၊ ကြားသိရသည့်အခါ မိဘများမှာ အတိုင်းမသိ ဝမ်းသာကြည်နူးကြသည်။ ထိုအရာကို မုဒိတာဟုခေါ်၏။ သားသမီးများကို အစဉ်ထာဝရ ထူးချွန်ထက်မြက်နေစေချင်သည်။ကြီးပွားတိုးတက်နေစေချင်သည်၊ နိမ့်ကျ ဆင်းရဲမှာကို မလိုလားကြပေ။ သားသမီးများ ကြီးပွားတိုးတက်လာ၍ မိဘများကို ပြန်လည်ပြုစုလုပ်ကျွေးမှု မပြုကြစေကာမူ စိတ်မဆိုးကြပေ၊ ကြီးပွားတိုးတက်မြဲ တိုးတက်ပါစေဟု ဆုတောင်းနေကြပါသည်။ သားသမီးများ ကြီးပွားတိုးတက်သည်ကို မလိုလားသော၊ မရှုစိမ့်သော မိဘဟူ၍ မရှိခဲ့ကြပါ။ ယင်းမုဒိတာသည် ဗြဟ္မာကြီးများ ကျင့်သုံးနေသော ဗြဟ္မစိုရ်တရားပင်ဖြစ်ပါသည်။

သားသမီးများ ကိုယ့်စီးပွားရေးနှင့်ကိုယ် အဆင်ပြေနေကြစဉ်၊ကိုယ့်သားသမီးများနှင့်ကိုယ် အဆင်ပြေနေကြစဉ် မိဘများက ချစ်သည်လည်း မဟုတ်၊ မုန်းသည်လည်းမဟုတ် အလည်တည့်တည့် ဥပေက္ခာစိတ်ထားမျိုး ထားနိုင်ကြသည်။ "ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမှာပဲ၊ ကံအကြောင်းတရားအတိုင်းသာပဲ"ဟု တည်တည်ငြိမ်ငြိမ် သဘောထားနိုင်ခြင်းသည် ဥပေက္ခာ၏ သဘောပင်ဖြစ်ပါသည်။

မိဘများကို စော်ကားတတ်သော၊ ကျေးဇူးကန်းတတ်သော သားသမီးများကို မည်သို့မျှပင် ဆုံးမသွန်သင်၍ မရတော့သည့်အခါ ယင်းဥပေက္ခာကိုပင် မိဘများက လက်နက်သဖွယ် အသုံးပြုလေ့ရှိကြသည်။ သားသမီးများအပေါ်၌ မည်သို့မျှ သဘောမထားကြပဲ စိတ်အေးသက်သာ နေပြနိုင်ကြသည်။ ထိုကဲ့သို့ ဗြဟ္မစိုရ်တရား လက်ကိုင်ထား၍ သားသမီးများကို အစဉ်သနားစောင့်ရှောက်တတ်သောကြောင့် ဗြဟ္မာကြီးများနှင့် တူသည်ဟု ဘုရားရှင် ဟောတော်မူခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားရှင်က နောင်လာနောက်သားများ မိဘကျေးဇူးအထူး သိတတ်ကြစေရန် စံပြအဖြစ် မိဘကျေးဇူးကို ကျေပွန်အောင် ဆပ်ပြသွားခဲ့ပါသည်။ မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သားကို အမှူးထား၍ နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားများကို ဝါတွင်းသုံးလပတ်လုံး မရပ်မနား ဟောကြားတော်မူခဲ့ပါသည်။

ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးအားလည်း အမြိုက်နိဗ္ဗာန်ချမ်းသာကို ရရှိစေတော်မူခဲ့ပါသည်။ မိဘကျေးဇူးကို ကိုယ်တိုင်ဆပ်ပြသကဲ့သို့ မိဘကျေးဇူးအထူးသိတတ် ကျေးဇူးဆပ်သော တပည့်များကိုလည်း ကောင်းချီးပေးတော်မူခဲ့ပါသည်။ မိဘကျေးဇူးဆပ် မြတ်တရားများကိုလည်း ဟောကြားဆုံးမတော်မူပါသည်။

မိအိုဖအိုကြီးများကို ပစ်ထား၍ ဖြဟ္မာကြီးများကို ပူဇော်ပသနေသော ပုဏ္ဏားတို့အား ရဟန်းလေးတစ်ပါးက ဆုံးမပုံကိုကြည့်ပါ။ "အသင်ပုဏ္ဏားတို့ ကိုယ့်အိမ်ထဲမှာပင် သက်ရှိဗြဟ္မာကြီးများ ရှိနေပါလျှက် မပြုစုမလုပ်ကျွေးပါပဲ၊ လက်တွေ့မမြင်ရသော ကောင်းကင်ကဗြဟ္မာကြီးများကို ရော်ရမ်းမှန်းဆ ပူဇော်နေခြင်းသည် အချိုးနှိုးအကျိုးမဲ့သက်သက်ဖြစ်ဖို့သာတည်း။ သင်တို့မိဘများသည်သာ သင်တို့၏ အကောင်းဆုံးသော စားသောက်ဖွယ်ရာ၊ ဝတ်စားတန်ဆာတွေကို အလှူခံထိုက်သော၊ အပူဇော်ခံထိုက်သော ဗြဟ္မာကြီးတွေပါပဲ" အသိပေး လမ်းညွှန်တော်မူခဲ့သည်။

**"ပုဗ္ဗာစရိယာတိ ဝုစ္စတိ–** လက်ဦးဆရာမည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖတည်း"ဟု ဟောတော်မူသည့်အတိုင်း မိဘများသည် သားသမီးတို့၏ လက်ဦးဆရာဖြစ်သည်။ သားသမီးများ သွားပုံ၊လာပုံ၊ နေပုံ၊ထိုင်ပုံစသည်တို့ကို အရာခပ်သိမ်းတတ်သိလိမ္မာအောင်ညွှန်ပြပေးခဲ့ကြသည်။ သိလိုစိတ်နှင့် မေးတိုင်းမေးတိုင်းသော မေးခွန်းများကိုလည်း စိတ်ရှည်ရှည် ရှင်းပြတတ်သည်မှာ မိဘများပင် မဟုတ်ပါလော။ စားဝတ်နေထိုင်ပုံကစ၍ အဆင့်မြင့်ပညာရပ်များ အထိ တတ်သိလိမ္မာ–အောင် သင်ပြပေးတတ်သောကြောင့် အနန္တနှစ်ဂိုဏ်းဝင်ပုဂ္ဂိုလ်မျိုးလည်းဖြစ်ပါသည်။ သားသမီးများ အသိအလိမ္မာ ဉာဏ်ပညာ ကြွယ်ဝလာသောအခါ မိဘများက မသိတာရှိလျှင် မေးမြန်းပါလိမ့်မည်။ အသက်အရွယ်အရ မှတ်ဉာဏ်နည်းပါးမှုကြောင့် မေးပြီးသား မေးခွန်းများကိုလည်း ထပ်ခါထပ်ခါ မေးတတ်ပါသည်။ "ခဏ ခဏမေးနိုင်ရန်ကော၊ နေရာတကာ သိချင်ရန်ကော၊ ကိုယ်နဲ့လဲဘာမှ ဆိုင်တာလဲ မဟုတ်ဘဲနဲ့၊ ဒီအဘိုးကြီးအဖွားကြီးတွေကလဲ နေရာတကာကို ပါချင်တယ်"များငြိငြင် ပစ်မှားမှု မပြုလိုက်ကြပါနှင့်။

ကိုယ်ငယ်ငယ်တုန်းက ထပ်ခါ ထပ်ခါမေးတတ်သော မေးခွန်းတိုင်းကို စိတ်ရှည်ရှည် ဖြေဆိုပေးခဲ့ပုံများကို သတိရလိုက်ပါ။ စိတ်ရှည်ရှည် ဖြေကြားပေးလိုက်ပါ။

အသက်အရွယ်ကြီးလာသောအခါ အား–အင်တွေနည်းပါး၊ စိတ်သွားတိုင်းကိုယ်မပါသည့်အတွက် နှေးနှေးကွေးကွေး လေးလေးလံလံ သွားလာလှုပ်ရှားသည့်အခါ နှေးရန်ကော၊ လေးရန်–ကောဟု စိတ်မတိုလိုက်ကြပါနှင့်။ မိဘတို့က ယခုအခါ အိုမင်းမစွမ်းဖြစ်ကုန်ကြပြီ။ ငါပျိုမြစ်မစွမ်းကလေးဘဝတုန်းက ငါ့ကို မိဘများက ပက်လက်အိပ်အရွယ်လေးကစ၍ယခုအချိန်အထိ ထွေးထွေးနုနု ယုယုယယ ပိုက်ထွေးမွေးမြူခဲ့ကြပုံ ။ ထက်မြက်သွက်လက်၊ကာယအား၊ ဉာဏအားတွေ သန်မာအောင် လေ့ကျင့်ပျိုးထောင် ပေးခဲ့ကြသည့် ပုံများကို ပြန်လည်သတိရလိုက်ပါ။ စိတ်ရှည်ရှည်ဖြင့် ဖေးမကူညီလိုက်ပါ။

သွားလာလှုပ်ရှား စားသောက်သည့်အခါ အမှားမှား အယွင်းယွင်း အလွဲလွဲအချော်ချော်ဖြစ်နေတတ်သော မိဘများကို မပစ်မှားလိုက်ကြပါနှင့်။ ကိုယ်ငယ်ငယ်က နမော်နမဲ့ ခလုတ်တိုက်လို့ ပဲငိုငို၊ အဆော့သန်ပြီး ပြုတ်ကျလို့ပဲ ငိုငို အမှားမှားအယွင်းယွင်းမှန်သမျှကို နှစ်သိမ့်ချော့မြူခဲ့ကြပုံ၊ နောင်မမှားအောင် ပြုပြင်ပေးခဲ့ကြပုံများကို သတိရလိုက်ပါ။ ကျေးဇူးသိတတ်လိုက်ပါ။ မှားယွင်းလွဲချော်မှုကို ပြုပြင်ပေးလိုက်ပါ။ ဘုရားရှင်ဟောတော်မူသော ပုဗ္ဗာစရိယ မိနှင့်ဖကို သိတတ်၊ မြင်တတ်လာပါလိမ့်မည်။

**"အာဟုနေယျာစ ပုတ္တာနံ ပဇာယ အနုကမ္ပကာ–**သားသမီးတို့အား အစဉ်သနားစောင့်ရှောက်တတ်သောကြောင့် သားသမီးတို့၏ မွန်–

မြတ်သော အလှူခံပုဂ္ဂိုလ်မည်ဟု ဟောတော်မူပါသည်။ ဟောတော်မူသည့် အတိုင်းပင် မိဘများသည် သားသမီးတို့၏ ပြုစုလုပ်ကျွေးမှုများကို အမှန်တကယ် ခံယူထိုက်ကြသည်။ ဘုရား တရား၊ သံဃာ ရတနာမြတ်သုံးပါးကို မလှူဒါန်းလျှင် ကုသိုလ်မရရုံသာ။ အပြစ်မဆိုထိုက်သေး။ မိဘကို ပြန်လည် မကျွေးမွေးမပြုစုသော သားသမီးများသည်ကား တာဝန်ပျက်ကွက်မှု အပြစ်များတင်ရှိသွားပါသည်။ထို့ကြောင့် ဘုရားရှင်က သင်္ဂါလောဝါဒသုတ်တွင် သားသမီးကျင့်ဝတ်များ ကို ဟောကြားတော်မူခဲ့ပါသည်။

(က)ကျွေးမွေးမပျက် – မိဘများကို ပြန်–လည်ကျွေးမွေးပြုစုရခြင်း။ (ခ)ဆောင်ရွက်စီမံ–မိဘတို့၏ စီးပွားရေး လူမှုရေးလုပ်ငန်းများကို ဦးစီးလုပ်ကိုင်ရမည်။ (ဂ)မွေခံထိုက်စေ–မိဘတို့၏ စီးပွားဥစ္စာ အမွေအနှစ်များကိုလည်း ခံစားထိုက်သည်။ မိဘတို့၏ ဓမ္မအမွေဖြစ်သော ကောင်းမှုကုသိုလ်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရမည်။ (ဃ)လှူမျှဝေ၍–ကုသိုလ်ပြုတိုင်း ပြုတိုင်း မိဘများကို သတိတရ အမျှပေးဝေရမည်။ (င) –စောင့်လေမျိုးနွယ်– မိဘမျိုးရိုးမတိမ်ကောအောင် ထိန်းသိမ်းစောင့်ရှောက်၍ မျိုးချစ်စိတ်ဓာတ်ကို လက်ဆင့်ကမ်းပေးရမည်။

မိဘများကို အကောင်းဆုံးသော ကျေးဇူးဆပ်နည်းက ဓမ္မဖြင့်ကျေးဇူးဆပ်ခြင်းဖြစ်ပါသည်။ မိဘများကိုဒါန၊ သီလ၊ ဘာဝနာ ပြုလုပ်ခွင့် ရစေရန် စီမံဆောင်ရွက်ပေးရမည်။ သဒ္ဓါတရား နည်းသော မိဘများကို သဒ္ဓါတရား ထက်သန်လာစေရန်၊ သီလ မစောင့်ထိန်းနိုင်သော မိဘများကို သီလ စောင့်ထိန်းနိုင်စေရန်၊ လောကုတ္တရာ အသိ–ဉာဏ် မရသေးသော မိဘများကို လောကုတ္တရာ အသိဉာဏ်ရစေရန် ဆောင်ရွက်ပေးကြရပါမည်။

ထိုသို့ ပြုလုပ်ဆောင်ရွက်ပေးမှသာ မိဘကျေးဇူး အထူးသိတတ်သော၊ မိဘကျေးဇူး အထူးဆပ်ခွင့်ရသော သားသမီးများဖြစ်ကြပါလိမ့်မည်။ ထိုသားသမီးမျိုးသည်သာ “သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်း”ဟု တင်စားချီးကျူးထိုက်သော သားကောင်းရတနာ၊ သမီးကောင်းရတနာ စစ်စစ်ဖြစ်နိုင်ပါကြောင်း ကောင်းမြတ်သော စေတနာဖြင့် ရေးသားတိုက်တွန်းလိုက်ရပါသတည်း။ **အရှင်ဇဝန(ကုန်းဇောင်း)**

---

## အမေ့အိမ်

အမေမရှိလျှင်လ..
ရွှေအတိ ဆင်စေဦးတော့..
အမြင်သာ အသွင်ဆန်းသော်လည်း.
နန်းတော်ကြီး အရုပ်အိမ်၊
အမေရှိလျှင်ပေါ့..
ရွှေမရှိလျှင် နေစေဦးပေါ့...
အဆင်းဗလာ မွဲနုတ်သေးသော်လည်း
တဲကုတ်ကလေး အေးရိပ်ငြိမ်၊
ခွဲမလွှတ်နိုင်ဘု...
စွဲညှတ်တဲ့ အမေ့အိမ်...
ငြိမ်သက်ခြင်းအလှတရား၊
သားအမိအိမ်...
ပတ္တမြားမရှိ စိန်မစီလဲ...
မမှိန်မီ မေတ္တာတန်ခိုးကြောင့်
ရိုး၍မသွား...။

**ပေါ်လွင်မပြု ကောင်းရာတုလျှက် ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေသော်..။**

## ဓမ္မဓရဂုဏ်

**စစ်ကိုင်းစိမ်းစိမ်း**

ဆရာတော်အရှင်မြတ်များကို ဖူးတွေ့လိုက်ရသည့်အချိန်က မကြာလှပါ။ သို့သော် ကျွန်မ တစ်ခါဖူးတွေ့ဘူးပါက သတိရသည့်အခါ ကြည်ညိုစဖွယ် သွင်သဏ္ဍာန်ဖြင့် သံဃာတော်အရှင်မြတ်များ၏ ဓမ္မဓရဂုဏ်ကို စိတ်အာရုံဖြင့် ကြည်ညိုစွာ ကန်တော့ပါ၏။

ကျွန်မတို့ ဗုဒ္ဓဘာသာဝင်များတို့၏ သာရေးနာရေးတို့တွင် သံဃာတော်အရှင်မြတ်များကို အားကိုးအားထား ပြုကြရပါသည်။ ပြုလည်းပြုလိုကြပါသည်။ အကြောင်းအားလျော်စွာ ညှိုးငယ်နေသော စိတ်နှလုံးကို တည်ကြည်သော ငြိမ်းချမ်းသော သွင်ဟန်ဖြင့် ဟောကြားတော်မူသော အနိစ္စ မတည်မြဲခြင်းသဘော၊ ဒုက္ခ ဆင်းရဲခြင်းသဘော၊ အနတ္တ မပိုင်မဆိုင်သော သဘော ဓမ္မတရားတော်တို့ကို နာကြားကာ သတိကိုဖြစ်စေပါ၏။

ယိမ်းယိုင်နေသော ညှိုးငယ်နေသောစိတ်ကို ဓမ္မဟူသော ဖြောင့်မှန်သော လမ်းကြောင်းပေါ်သို့ သံဃာတော်အရှင်မြတ်တို့က ပို့ဆောင်ပေးတော်မူကြပါကုန်၏။ စိတ်နှလုံး ကြည်လင်ချမ်းချမ်းမြေ့ကြရပါကုန်၏။

ဤ အမေရိကန်ပြည်ထောင်စုတွင် သာသနာပြုလျှက် ရှိနေကြကုန်သော သံဃာတော်အရှင်မြတ်များ၏ ပတ်ဝန်းကျင်သည် တူကြသည်မဟုတ်ပါ။ ရာသီဥတု၊ တောတောင်ရေမြေ အနေအထား တစ်နေရာနှင့် တစ်နေရာ ကွာမှကွာ၊ ကွာခြားလွန်းလှပါ၏။

ပြည်နယ်အနှံ့တွင် ဗုဒ္ဓဘာသာဝင် မြန်မာပြည်ဖွား ၊မြန်မာနွယ်ဝင်၊ မြန်မာများတို့ ရှိကြရာ ကိုယ်အား၊ ဉာဏ်အား၊ ငွေအားဖြင့် သာသနာပြုလျှက် ရှိတော်မူကြသော သံဃာတော်အရှင်သူမြတ်တို့ကို ဝိုင်းဝန်းကူညီ လှူဒါန်းကြပါ၏။သာဓုနုမော် အကြိမ်ကြိမ်ခေါ်ပါ၏။

ဗုဒ္ဓဘာသာဝင် သူတော်စင်များတို့သည် သံဃာတော်အရှင်မြတ်များကို ဖူးတွေ့ရန်လိုပါ၏၊ တရားဓမ္မကို နာကြားရန်လိုပါ၏။

သာသနာပြုလျှက် ရှိတော်မူကြကုန်သော သံဃာတော်အရှင်မြတ်များတို့က သာသနာတော်ထွန်းပရန်အတွက် ဦးတည်ကာ ကျောင်းများတွင် ဗုဒ္ဓပူဇနိယပွဲတော်များကို ရာသီအချိန်အခါ အ–လိုက် ကျင်းပကာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ မမေ့ကြရန် အထုံအကျင့် ဝါသနာပါကြရန် တိုက်တွန်းနှိုးဆော်ပေးတော်မူကြပါသည်။ အထူး သဖြင့် နိုင်ငံရပ်ခြား တိုင်းပြည်များသို့ ငယ်ရွယ်စဉ်က ရောက်လာကြသူများအတွက် အစစအရာရာ သင်ကြားပြသတော် မူကြပါ၏။

ရာသီဥတု၊ တောတောင်ရေမြေ အနေအထားအပေါ်မူတည်ကာ ဆောင်းပိုင်းတွင် စနိုးများဖုံး၍ နေသောပြည်နယ်များမှ သံဃာတော်အရှင်မြတ်များ၊ နွေပိုင်းတွင် အဘယ်မျှ ပူပြင်းသည်ကို စံတင်ရလောက်အောင် ပူလောင်လှသည့် ပြည်နယ်များမှ သံဃာတော်အရှင်မြတ်များက ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပရန်ကို ဦးတည်ကြသည်သာ။ အမေရိကန်ပြည်ထောင်စု ၊ဖလော်ရီဒါပြည်နယ်(တောင်ပိုင်း )၊ မီရားမားမြို့၊ ဗုဒ္ဓဘာသာအသင်းကျောင်းတော်မှ ဆရာတော်ကြီး ဦးဇနိတနှင့် ဦးပညာသာမိ၊ ဦးဇဝန ဆရာတော်များသည်လည်း မြန်မာ့မူ၊ မြန်မာ့ဟန်၊ မြန်မာ့

ဓလေ့ယဉ်ကျေးမှု၊ ဘာသာရေးထုံးတမ်းအစဉ်လာတို့ကို သိပြီးသူတို့ ပြန်လည်သတိရ ဖြန့်ဝေကူညီကြရန်၊ မသိသေးသူတို့ သိကြရန်နှင့် ကျောင်းတော်တွင် ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲ၊ ကျောင်းထိုင်ဆရာတော်အရှင်မြတ်များ၏ တရားဟောပွဲများ၊ အဝေးမှ ကြွရောက်လာတော်မူကြသည့် ဆရာတော်များ၊ ဓမ္မကထိကဆရာတော်များ၏ တရားပွဲများကိုလည်း အခါအားလျော်စွာကျင်းပပေးကာ တရားထိုင်လိုသူတို့ကိုလည်း တရားပြပေးတော်မူပါ၏။

သံဃာတော်အရှင်မြတ်သုံးပါး တို့သည် လောကရေး၊ ဓမ္မရေးတို့၌ အတွေးချင်းတူ၍၊ အမြင်ချင်းလည်းတူကြ၏။ မြတ်ဘုရား၏ ချမှတ်ထားသော ဝိနည်းဥပဒေတော်ကို လေးစားရိုသေလိုက်နာတော်မူကြ၍ သာသနာတော်၏အကျိုးကို နေ့တိုင်းညတိုင်း ထမ်းဆောင်တော်မူကြပါ၏။

အနိစ္စမတည်မြဲခြင်းသဘောသည် နေ့စဉ်ကျွန်မကို ပြလျှက်ရှိပါ၏။ အသက်ခုနစ်ဆယ်ကျော်ကျွန်မသည် သိသိသာသာ ဆံပင်များဖြူလေပြီ။ ဖြူသော ဆံပင်ကို ဆေးဆိုး၍ မည်းစေ၏။ ဆေးဆိုးပြီးနောက် ဦးရေများယားယံသည်။ ယောင်သည်။ နားနှစ်ဘက်နှင့် နဖူးကလည်း ယောင်၏။ ဆရာဝန်ဆီ ရောက်ရသည်က ဆံပင်ဆိုးပြီးတိုင်း ဖြစ်တော့၏။

ဒုက္ခဟူသည် ရုပ်နှင့်နာမ်တွဲနေသော သတ္တဝါတိုင်း စိတ်ဆင်းရဲခြင်း ဒုက္ခ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခတို့ကို ကြုံတွေ့ကြရသည်။ တစ်နည်းတစ်ဖုံအားဖြင့် ဒုက္ခကို နေ့စဉ်ကြုံဆုံနေရပါ၏။

သိသူမသိသူတို့ ကွယ်လွန်သေဆုံးကုန်ကြသည်ကို နေ့စဉ် ကြားသိနေရပါ၏။ မပိုင်မဆိုင်ခြင်းသဘော၊ မတည်မြဲခြင်း သဘောတို့သည် ရုပ်နှင့်နာမ် တွဲနေသရွေ့အနတ္တသည် ရှောင်ကွင်း၍ရမည် မဟုတ်ပါချေ။

သွားကာ၊လာကာ၊ ရယ်ကာ၊ မောကာဖြင့် အချိန်ကို မကုန်လွန်စေဘဲ ဘဝ၏အနှစ်ဖြစ်သည့် အကျင့်သီလကို ထိန်းသိမ်းကာ ဘာဝနာကို ကျင့်ကြံအားထုတ်ဖို့ ဆရာတော်၊ သံဃာတော်အရှင်မြတ်တို့၏ တရားဓမ္မဟောကြားတော်မူသည်များကို သတိတရ လိုက်နာရပါ၏။

ရုပ်နှင့်နာမ်တို့ မကွဲမကွာ၊ မခွဲမခွာ ရှိနေကြမည်မဟုတ်ပါ။ ရုပ်နှင့်နာမ်တို့ ကွဲကွာကြမည့်အချိန်၌ ကျွတ်ကျွတ်လွတ်လွတ် တွယ်တာမှုမရှိဘဲ ထွက်သွားရန်၊ ခွဲခွာသွားရန် သတိထားကာစဉ်းစားရပါ၏။ အထုံအကျင့်ရစေရန် သံဃာတော်အရှင်မြတ်များ၏ တရားဓမ္မတို့ကို နာခံကျင့်သုံးရပါ၏။

ဓမ္မာလောက ဗုဒ္ဓဘာသာအသင်းကျောင်းတော်မှ ဆရာတော်အရှင်မြတ်သုံးပါးဘုရား တပည့်တော် အရှင်ဘုရားများကို ဖူးတွေ့ကန်တော့ရန် အစဉ်ဆန္ဒရှိလျှက်ပါဘုရား။ တပည့်တော် အခွင့်မကြုံခိုက် ရုပ်နှင့်နာမ်တို့ ကွဲသွားကြသော်၊ ကွာသွားကြသော် ဤ စာစုဖြင့် ကန်တော့ခဲ့ပါ၏ အရှင်ဘုရား။

စစ်ကိုင်း စိမ်းစိမ်း

**အတွေးမထင်၊ ဘေးမမြင်၊ ဝေးစွာ့နိဗ္ဗာန်ခွင်၊**
**တွေးတွေးထောက်ထောက်၊ ဘေးရန်ကြောက်၊**
**လျှင်စွာ နိဗ္ဗာန်ရောက်..။**